www.burmeseclassic.com

ရွှေအိမ်မှူးစာပေ

# ဂျူး

# လူသုံးယောက်မှတ်တမ်း

(အချစ်အဖွဲ့ ဖြစ်ပေါ်လာပုံ)



BURMESE CLASSIC .com


GRAPHIC DESIGNED BY
YuWa

www.burmeseclassic.com

www.burmeseclassic.com

#၄


- စာမူခွင့်ပြုချက်အမှတ် - [၅၀၁၅၁၈၁၀၀၈]
- မျက်နှာဖုံးခွင့်ပြုချက်အမှတ် - [၅၀၁၄၄၃၁၀၀၈]
- ပုံနှိပ်ခြင်း
  ပထမအကြိမ်၊ နိုဝင်ဘာလ၊ ၂၀၀၈ ခုနှစ်။
- ထုတ်ဝေသူ
  ဦးအောင်နိုင် (၀၄၂၄၃) (ရွှေအိမ်မှူးစာပေ)
  အမှတ် (၂၂၁)၊ (၃၁)လမ်း (အထက်)၊
  ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
- မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
  ဦးတင်အောင်ကျော် (စွယ်တော်ပုံနှိပ်တိုက်) (၀၇၀၅၃)
  အမှတ် (၈၇)၊ (၅၆)လမ်းတို၊
  ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
- မျက်နှာဖုံးဒီဇိုင်း - ယုဝ
- ကွန်ပျူတာစာစီ - မဖိုး
- အတွင်းဖလင် - ဦးအောင်တင်အေးနှင့်သမီးများ
- စာအုပ်ချုပ် - စွယ်တော်
- အုပ်ရေ - ၅၀၀ အုပ်
- တန်ဖိုး - ၁၅၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

★ ပြည်ထောင်စု မပြိုကွဲရေး . . . . . ဒို့အရေး
★ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး . . . ဒို့အရေး
★ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး . . . ဒို့အရေး

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး။
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး။
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက် သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး။
★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com

သူချစ်သော ကောင်မလေးသည် အထူးအဆန်းလေးတွေလုပ်တတ်ပြီး . . .

ဉာဏ်ကောင်းသော ကောင်မလေးတစ်ယောက်ဟု ဆိုရပေမည်။

သူမ ဉာဏ်ကောင်းသလောက်

အနည်းငယ်သာ သူ့မှာ ဉာဏ်ထက်ခဲ့မယ်ဆိုပါစို့ . . .။

အခုလောက်ဆို

သူသိပ္ပံပညာရှင်(သို့) ကမ္ဘာကျော်တစ်ဦးဖြစ်နေလောက်ရောပေါ့။

ပိုပြီးလွန်လွန်ကျူးကျူးဆိုလှချည်လားလို့ မိတ်ဆွေထင်အုံ့ . . .

ထင်နိုင်ပါသည် မိတ်ဆွေ . . .။

ကျွန်တော်က သူ့ကိုချစ်တာကိုးဗျဟု သူက ပြန်ဖြေပါလိမ့်မည်။

သူမသည် စကားပြောရာတွင်လည်း ချစ်ဖို့ကောင်းသည်ဟုလည်း ထင်မိပါသည်။

ကဲ . . . သူ ကျောင်းဖယ်ရီကားပေါ်မှာ ကြားခဲ့ရတဲ့

သူမနဲ့ သူ့သူငယ်ချင်းတို့ပြောတဲ့စကားကိုပဲ နားထောင်ကြည့်ပါဦး။

သူ့ကောင်မလေးနာမည်သည် 'နွေချိုချို' ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## (၁)

"ငါ.. ဟိုကိစ္စကို အခုထိ မကျေမလည်ဖြစ်နေသေးတယ်"

"ဘာများလဲ.. နွေချိုရယ်၊ ငါ့ကိုလည်း ပြောပါဦး"

"ဒီလိုဟ.. မနေ့က ငါစာအုပ်တစ်အုပ်ဖတ်ရတယ်"

"အင်း"

"အဲဒီအထဲမှာ ပုံပြင်လေးတစ်ပုဒ်လည်းပါတယ်"

"ပုံပြင်က ဘာပုံပြင်မို့လို့လဲ"

"လူသုံးယောက်ဟာ သေဆုံးပြီးနောက်မှာ အသူရာနတ်ပြည်ကို ရောက်သွားကြတယ်တဲ့"

"အင်း"

"အဲဒီမှာ တံခါးစောင့်နဲ့ တွေ့ရောတဲ့"



"ပြော"

"တံခါးစောင့်က သူတို့သုံးယောက်ကိုပြောတယ်။ ဒီမှာရှင့် ဒီမှာပေါ့ဟယ်"

"အေး"

"ဒီအသူရာပြည်မှာ နတ်တွေပြည့်နေတဲ့အတွက် တစ်ယောက်ပဲ လက်ခံနိုင်တော့မယ်လို့ ပြောတယ်"

"ဒါဆို.. အဲဒီသုံးယောက် အီစလံဝေသွားတာပေါ့"

"အေးပေါ့.. ဒါပေမဲ့ သုံးယောက်ထဲက တစ်ယောက်ကတော့ ဝင်လို့ရပါတယ်"

"သုံးယောက်ထဲက တစ်ယောက်ကို ရွေးရမှာပေါ့"

"အင်း.. ဟုတ်တယ်"

"ပြောပါဦး၊ ဘယ်လိုရွေးလဲ နွေချို"

"ကျားဘို ပတ်လည်ဆွဲရမယ်တဲ့"

"ဟင်.. ဘယ်လိုကြီးလဲ"

"အဲဒါတော့ မသိဘူး။ ပထမဆုံးလူကတော့ ကျားဘိုဆွဲမယ်ဆိုပြီးတော့ ဒုတိယလူကို လက်လှမ်းလိုက်တယ်"

"အဲဒီတော့ နိုင်သွားလား"

"ဒုတိယလူက ပထမလူကို ပြန်ပြောတယ်"

"ဘာလဲ"

"သူဟာ လူ့ပြည်မှာ လက်ဆွဲနှုတ်ဆက်ရတဲ့အလုပ်ကို ကြိမ်ဖန်များစွာ လုပ်ခဲ့ရတဲ့သူမို့လို့ အခု မလုပ်ချင်တော့ဘူးဆိုပြီး တစ်ဖက်ကို ထွက်သွားပါလေရော"

"ဒါဆို ပထမလူက တတိယလူနဲ့ ကျားဘိုဆွဲရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း... မဆွဲဖြစ်ဘူး"

"ဘာဖြစ်လို့"

"တတိယလူကလည်း ပြောတယ်။ သူ့မှာ လက်အဆစ်ရောင်ရောဂါရှိလို့ဆိုပြီး ပြိုင်ပွဲကနှုတ်ထွက်သွားတယ်"

"ဒါဆို ပထမလူကတော့ ပျော်မှာပေါ့နော်... နွေချို"

"အေးပေါ့... တံခါးစောင့်ကို ပြုံးပြပြီးတော့ အထဲကိုတောင်ပြုံးပြုံးပြုံးပြုံးနဲ့ ဝင်သွားသေးတယ်ဆိုပဲ"

"ပုံပြိုင်က ပြီးသွားပြီလား"

"အဲဒီမှာပဲ ဆုံးသွားတယ်"

"နေပါဦး၊ နင်က ဘာဖြစ်လို့ အဲဒီပုံပြိုင်ကို မကျေမနပ်ဖြစ်နေရတာလဲ"

"အဲဒီသုံးယောက်ဟာ နတ်ပြည်က တံခါးစောင့်ကို လိမ်သွားတယ်လို့ ငါစိတ်ထဲမှာခံစားရတယ်"

"ဟယ်... နင်ကလည်း ပေါက်ပေါက်ရှာရှာ"

"ကျမ်းဂန်တွေရဲ့ အလိုအရဆိုရင် အသူရာပြည်မှာ တံခါးပေါက်ပေါင်း (၁၀၀၀၀)ရှိတယ်လို့ အဆိုရှိတယ်။ ဒီတော့ အခြားနှစ်ယောက်က တခြားတံခါးပေါက်တွေက မဝင်ဘူးလို့ နင်ပြောနိုင်လို့လား"

"အယ်"

ဖယ်ရီကား၏ဘရိတ်အုပ်လိုက်မှုကြောင့် စကားပြောနေသောကောင်မလေးနှစ်ယောက်မှာ ခပ်ယိုင်ယိုင်ဖြစ်သွား၏။

အသံတွေလည်း ရပ်သွား၏။

သူတို့ထိုင်ခုံနောက်တွင်ထိုင်နေသော ကောင်လေး၏အကြည့်များကို သူတို့သတိမထားမိချေ။



ကောင်လေး၏အမည်မှာ 'ခင်မောင်ရင်' ဖြစ်၏။

သူ့အဖိုးသည် မင်းသားခင်မောင်ရင်အား လွန်စွာကြိုက်သည်ဟု ဆိုသောကြောင့် သူ့မြေးဖြစ်သူအား ထိုမင်းသားနာမည်ပေးခဲ့ခြင်းဖြစ်သည်ဟု ပြောကြလေ၏။

ခဏအကြာတွင် နွေချိုချိုကိုကြည့်နေသော ခင်မောင်ရင်၏အကြည့်များသည် အဝေးသို့ရောက်သွား၏။

သူစဉ်းစားနေပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့တွင် ခင်မောင်ရင်သည် နွေချိုချိုအား
“နင့်ကို ငါချစ်တယ်”ဟု
မရဲတရဲလေး ဖွင့်ပြောလေရဲ့။

ဤတွင် နွေချိုချိုရဲ့
ထူးဆန်းချင်လည်း ထူးဆန်းနိုင်သော
(သို့မဟုတ်)
မထူးဆန်းချင်လည်း မထူးဆန်းသော
အကြောင်းအရာတို့သည်
ခင်မောင်ရင်အား
ရစ်ပတ်လေတော့၏။

BURMESE CLASSIC .com

(၂)

“နင့်ကို ငါ… ငါချစ်တယ်၊ နွေချိုချို”

ခင်မောင်ရင်က နွေချိုချိုအား မရဲတရဲလေးဖွင့်ပြောသည်။

နွေချို ဖယ်ရီကားပေါ်ကအဆင်းတွင် ခင်မောင်ရင်က စကားလိုက်ပြောခြင်းဖြစ်သည်။

ဒီနေ့ သူမ သူငယ်ချင်းမလာပါ။ သူမတစ်ယောက်တည်းဖြစ်နေသည်။

ထို့ကြောင့် ခင်မောင်ရင်ကလည်း စကားလိုက်ပြောရဲခြင်းဖြစ်သည်။

နွေချိုက ခင်မောင်ရင်၏စကားကို မသိချင်ယောင်ဆောင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်ရင်က ထပ်ခေါ်လိုက်သည်။

"နွေချို"

နွေချို၏ခြေလှမ်းများ ရပ်သွားသည်။ ထို့နောက် သူ့ကိုလှည့်ကြည့်၏။

သူလန့်သွားပြီး နွေချိုကို မကြည့်ရဲတော့ဘဲ ဟိုဟိုဒီဒီကြည့်နေမိ၏။ နွေချိုက

"ယောက်ျားတစ်ယောက် ကျွန်မကို အဲဒီလိုခေါ်ရင် နည်းနည်းတော့ လန့်မိတယ်"

"ဘာ . . . ဘာဖြစ်လို့လဲ"

သူနည်းနည်းရဲတင်းလာသည်။

"ရှင်စဉ်းစားကြည့်လေ၊ အဲဒီလို . . ကျွန်မနာမည်ခေါ်တဲ့ယောက်ျားလေးနဲ့ ကျွန်မက အလိမ္မာတွေသုံးပြီး စကားပြောရတော့မယ်"

"အင်း . . . ဟုတ်တယ်နော်"

သူကလည်း အယောင်ယောင်အမှားမှားနဲ့ ထောက်ခံနေမိသည်။

"အခန့်မသင့်ရင် အဲဒီယောက်ျားလေးနဲ့ ကျွန်မစိတ်ဆိုးသွားနိုင်တဲ့အဆင့်ထိအောင် ရောက်သွားနိုင်သေးတယ်"

"အဲ"

ခင်မောင်ရင်မှာ ဘာဆက်လုပ်ရမှန်း မသိဖြစ်သွားသည်။

နွေချိုကတော့ ပြုံးစိစိနှင့် သူ့ကိုကြည့်နေ၏။

"နေပါဦး၊ ရှင်ခုနက ကျွန်မကို ဘာပြောလိုက်တာ"

"ဟင်"



သူလန့်သွားပြန်သည်။

နောက်ဆုံး . . မထူးဘူး၊ ထပ်ပြောမည်ဟု ဆုံးဖြတ်ကာ

"နွေချိုကို ချစ်တဲ့အကြောင်းပြောတာပါ"

ဒီတစ်ခါတော့ စကားထစ်ခြင်းမရှိဘဲ ချောချောမောမောထွက်သွားသည်။

နွေချိုက သူ့ကို စူးစူးစိုက်စိုက်ကြည့်နေသည်။

မျက်လုံးတွေက မသက်သာသည့် မျက်လုံးများနှင့် . . ။

"ရှင်က ကျွန်မကိုတကယ်ချစ်တာလား"

"ဟုတ် . . ဟုတ်ကဲ့"

နှစ်ယောက်စလုံးမှာ အခုထိစကားရပ်ပြောနေဆဲပင်ဖြစ်သည်။

နွေချိုက သူ့နားထင်လေးကို လက်ညှိုးလေးနှင့်တတောက်တောက်ခေါက်ကာ စဉ်းစားသည့်စတိုင်လ်လုပ်နေသည်။

လမ်းသွားလမ်းလာ ကျောင်းသား ကျောင်းသူများကလည်း သူတို့ကို ကြည့်ကြည့်သွားကြသည်။

"ဒီလိုလုပ်ပါလား"

"ပြော . . . ပြောလေ နွေချို"

သူ အားရဝမ်းသာဖြစ်သွားသည်။

"ရှင်ပြောတဲ့ ကိစ္စကို ကျွန်မစဉ်းစားပေးပါ့မယ်"

"ဟာ . . . ဟုတ်ကဲ့၊ ဝမ်း . . . ဝမ်းသာလိုက်တာဗျာ"

ခင်မောင်ရင်မှာ သူ့လက်ကို သူ ပယ်ပယ်နယ်နယ်ဆုပ်ကာ ဝမ်းသာအားရဖြစ်နေသည်။

"ဒါပေမဲ့ . . . "

"ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



သူထိတ်လန့်သွားသည်။ မည်သို့ဆိုသော်

သူတို့ တစ်ကျောင်းလုံးသည် နွေချို၏ 'ဒါပေမဲ့ ...'ကို ကြောက်ကြသည်။

အခုလည်း နွေချို၏ 'ဒါပေမဲ့'ကိုကြားလိုက်ရ၍ ခင်မောင်ရင် လန့်သွားခြင်းဖြစ်သည်။

''ကျွန်မက ရည်းစားမထားဖူးဘူးရှင့်''

''ဟုတ်ကဲ့''

''ဒီတော့ ရည်းစားဖြစ်လာလို့ရှိရင် ဘာတွေပြောကြတယ်၊ ဘာတွေပြောရမယ်ဆိုတာ မသိဘူးဖြစ်နေတယ်''

''အင်း.. ဟုတ်တာပေါ့''

သူလည်း နွေချို့စကားကို ဟုတ်ယောင်ယောင်ထင်သွားသည်။

''အကယ်၍များ ရှင့်ကိုကျွန်မက ရည်းစားအဖြစ်လက်ခံတော့ မယ်ဆိုရင် ဒါတွေပါ ကြိုတင်စဉ်းစားထားရတော့မှာပေါ့။ အဲဒီတော့ ကျွန်မကို ရှင်တစ်ခုလောက် အရင်ကူညီပါလား''

''ပြော.. ပြောပါ၊ ကျွန်တော်လုပ်ပေးပါ့မယ်''

နွေချိုက ပြောပြောဆိုဆို သူ့လွယ်အိတ်ထဲမှ အသံဖမ်းစက် ထုတ်လိုက်လေ၏။ ဘယ်ကတည်းက ထည့်လာမှန်းမသိချေ။

''ကျွန်မရဲ့အသံဖမ်းစက်လေးယူပြီး အတွဲတွေချိန်းတွေ့တဲ့ နေရာကိုသွား''

''အင်း''

''ပြီးရင် သူတို့ပြောတဲ့စကားတွေကို တိတ်တိတ်လေးအသံ ဖမ်းယူလာခဲ့''

''ဟင်''



သူမပြောသည့် အကြောင်းအရာတွေက ရိုက်ပေါက်အထာတွေ ဖြစ်နေသည်။

ခင်မောင်ရင်က နွေချိုကို တအံ့တဩလေးကြည့်နေသည်၊

သူမ တကယ်ပြောနေတာလားပေါ့....။

နွေချိုမှာ တကယ်ပြောနေပုံရသည်။ သူမရဲ့ အသံဖမ်းစက် လေးကိုပင် လှမ်းပေးနေသည်။

''အတွဲတွေပြောတဲ့စကားကို နားထောင်ပြီးမှ ရှင့်ကိစ္စကို ဆက်စဉ်းစားမယ်၊ ရှက်စရာစကားတွေပြောရမယ်ဆိုရင် ကျွန်မရည်းစား ထားဦးမှာ မဟုတ်သေးဘူး.. ဒါပဲ''

''ဟုတ် ... ဟုတ်ကဲ့''

ခင်မောင်ရင်က နွေချို့လက်ထဲမှ အသံဖမ်းစက်ကို လှမ်းယူ လိုက်ရသည်။

နွေချိုက လှည့်ထွက်သည်။ ထို့နောက် တစ်စုံတစ်ခု သတိရ သွားပြီး

''ဩော်.. ကျွန်မက အတွဲအစစ်တွေ ပြောတဲ့စကားပဲ လို ချင်တာနော်။ အတုတွေ ဘာတွေဖန်တီးပြီးပြောနိုင်းမယ်ဆိုရင်တော့ ရှင်မလွယ်ဘူးမှတ်''

''ဟုတ် ... ဟုတ်ကဲ့''

နွေချိုမှာ နောက်ကိုပင် လှည့်မကြည့်တော့ဘဲ ဆတ်ခနဲ ယဉ်သာ အောင် လျှောက်သွားလေတော့၏။

ခင်မောင်ရင်မှာသာ အသံဖမ်းစက်ကြီးကိုင်ကာ ငူတူတူနှင့် ကျန်ခဲ့၏။

■

www.burmeseclassic.com

www.burmeseclassic.com

နေရိပ်လိုချင်
နေပူက စောင့်လို့
မင်းပြောခဲ့တယ်လေ
အခုတော့...
ဘာဖြစ်လို့
မင်းက
ထီးပါတဲ့လူနောက်
လိုက်သွားလဲ...။

(သူငယ်ချင်းတစ်ယောက်၏စကားများမှ...)

(၃)

ပန်းခြံထဲလှမ်းဝင်လိုက်သော သူ့ခြေလှမ်းများသည် အနည်းငယ်တုံ့ဆိုင်းဆိုင်းဖြစ်နေသည်။

သူ့အိတ်ထဲမှ အသံဖမ်းစက်ကိုလည်း မကြာခဏစမ်းမိသည်။

အတွဲတွေရဲ့စကားပြောသံတွေကို သူမ နားထောင်ချင်သည်တဲ့။

ခင်မောင်ရင်သည် ပန်းခြံထဲတွင် ခြေဦးတည့်ရာလျှောက်သွားနေမိသည်။

အတွဲတော်တော်များများကို တွေ့ရသည်။

ထို့ပြင် အတွဲများနှင့်အတူ အတွဲချောင်းသူများကိုပါ တွေ့ရ၏။

သူဘာလုပ်ရမလဲ.. ဟု တွေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ခင်မောင်ရင်သည် အတွဲချောင်းသူများမရှိသော အတွဲတစ်တွဲအား တွေ့လိုက်ရသည်။

'ဟုတ်ပြီ'ဟုဆိုကာ ထိုအတွဲနားကို ကပ်သွားလိုက်၏။

''မောင်နော်''

ဟင်. . . မောင်နော်တဲ့။ ဘာတွေများဖြစ်နေပါပြီလိမ့်ဟု စိတ်ဝင်စားသွားကာ ရှေ့နားတိုးသွားလိုက်၏။

အသံဖမ်းစက်ကိုလည်း ဖွင့်ထားလိုက်သည်။

''ဘာ . . . မောင်နော်လဲ''

ယောကျ်ားလေးက ပြန်မေးသည်။

''ဟင်း . . . မသိဘူးများ မှတ်နေလား''

မိန်းကလေးအသံမှာ ရှက်ကိုးရှက်ကန်းအသံပေါက်နေသည်။

သူနှင့်အတွဲကြားတွင် ချုံပုတ်တစ်ခုခံနေပါသည်။

သူ့မှာမျက်နှာလည်းပူ၊ စိတ်လည်းညစ်နှင့် ထိုင်နေရ၏။

ဒါတောင် ခပ်လှမ်းလှမ်းချုံပုတ်မှ ထမင်းစားလိုက်၊ အတွဲချောင်းလိုက်လုပ်နေသော သူက သူ့ကိုလှမ်းကြည့်ပြီး 'စားပါဦးလား' ဟု ဆိုပြီး လောကွတ်လုပ်နေသေးသည်။

ဘဝတူတွေမို့ နှုတ်ဆက်ပုံရသည်။

''အင်း''

ဟာ . . . ဘာဖြစ်ပြန်ပြီလဲ။ အင်း. . . တဲ့။

အသံဖမ်းစက်ကို ပိတ်လိုက်ရင်ကောင်းမယ်ဟု သူစဉ်းစားမိသည်။

မဖြစ်သေးပါဘူးဟု တွေးကာ ဆက်နားထောင်နေလိုက်သည်။

''လှန်ပြန်ပြီ''



အို . . . ဟုဆိုကာ ခင်မောင်ရင့် စိတ်ထဲမရိုးမရွဖြစ်လာသည်။

ချောင်းကြည့်ချင်စိတ်လည်း ပေါက်လာသည်။

မဖြစ်သေးပါဘူး. . . ဟု ဆိုကာ ပြန်ထိုင်နေလိုက်သည်။

''အင်း . . . ဒီမှာရှက်နေပြီ''

မိန်းကလေး၏စကားသံဖြစ်သည်။

''ခဏနေပါဦး၊ မောင်လည်း ကြည့်နေပါတယ်''

''မောင်နော်၊ တစ်ခါပဲကြည့်၊ ပြီးရင် သေချာဆုံးဖြတ်''

သေချာဆုံးဖြတ်တဲ့. . .။

ချောင်းကြည့်လိုက်တော့မယ်ဟု ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့် မတ်တပ်ထရန် ဟန်ပြင်လိုက်သည်။

ထိုစဉ် အတွဲတစ်တွဲမှာ သူ့ရဲ့ခပ်လှမ်းလှမ်းမှ ဖြတ်သွားသောကြောင့် ကုန်းကုန်းကွကွအနေအထားမှ ခွေတွာပြန်ထိုင်လိုက်ရပြန်သည်။

ထိုအတွဲက သူ့ကို စိမ်းစိမ်းကြီးစိုက်ကြည့်သွား၏။

သူ့မှာသာ ရှက်ကိုးရှက်ကန်းဖြင့်'အဟီး'ဟု ရယ်ပြလိုက်ရသည်။

''ကိုင်မယ်နော်''

''ကိုင်. . . ကိုင် တကတည်း ပြီးကို မပြီးနိုင်တော့ဘူး''

သူ စိတ်ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့် ချောင်းကြည့်ရန်ဟန်ပြင်လိုက်သည်။

ခုနက ထမင်းစားပါဦးလားဟုပြောသော အတွဲချောင်းသူက သူ့ကို လက်မထောင်ပြသည်။

'ကောင်းတယ်. . . ကြည့်သာကြည့်'ဆိုသည့်သဘောပင် ဖြစ်သိမ့်မည်။

''အထီးထင်တယ်၊ ငေါက်တောက်လေးနဲ့''

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေးကပြောတော့ မိန်းကလေးက

"အမပါ၊ ဟိုဟာလေးနဲ့ မတွေ့ဘူးလား"

အထီး၊ အမတ္တဲ့ ဘာတွေပါလိမ့်၊ ခင်မောင်ရင်မှာ တွေးစရာဖြစ်လာ၏။

ချုံပုတ်ထဲမှ မရမကချောင်းကြည့်လိုက်၏။

ယောက်ျားလေးနှင့် မိန်းကလေးမှာ ခေါင်းများပူးကပ်နေ၏။

တစ်မျိုးမထင်ကြစေလိုပါ။ သူတို့သည် တစ်စုံတစ်ခုကို သည်းသည်းမည်းမည်းကြီး စိုက်ကြည့်နေကြပုံရ၏။

သူမမြင်ရ...။ ထို့ကြောင့် ကိုယ်ကို အနည်းငယ်ကိုင်းလိုက်သည်။ ဟင်... အိမ်မြှောင်...။ အိမ်မြှောင်တစ်ကောင်ကို စာအုပ်များနှင့် ခြံဝန်းသဘောမျိုးခတ်ကာ ဖမ်းထား၏။

ပြီးနောက် ကောင်လေးက အိမ်မြှောင်ကို တုတ်လေးနှင့် ထိုးကာ ဟိုလှန် ဒီလှန် လုပ်နေ၏။

အိမ်မြှောင်ကို အထီး၊ အမ ခွဲနေကြခြင်းဖြစ်သည်။

တောက်... ကလေးကလား အတွဲနှင့် လာတွေ့နေရတယ်ကွာ ဟု စိတ်ထဲမချင့်မရဲဖြစ်နေသည်။

ခင်မောင်ရင်သည် ချောင်းကြည့်နေရာမှ ပြန်ထိုင်လိုက်သည်။

သူ့ စိတ်ပျက်လက်ပျက်ဖြစ်သွား၏။

ဒီအသံလေးတွေဖမ်းပြီးရင် နွေချို့ကိုပြမည်။ ဒီမှာတွေ့လားသူတို့ပြောတာတွေက အချစ်ရဲ့အဓိပ္ပာယ်ရှိတာယ်... ဘာညာနဲ့ ပြောမည်။ အခုတော့ ရည်းစားထားရတာက ကလေးကလားအလုပ်တွေလို့ ပြောရတော့မည်။

ခင်မောင်ရင်သည် စိတ်ညစ်ညစ်နှင့် မတ်တပ်ရပ်လိုက်သည်။



ပြီး.... ခြေဦးတည့်ရာလျှောက်နေမိသည်။

စိတ်ထဲမှာ နွေချိုကို ဘယ်လိုပြောရမလဲဆိုတာကိုပဲ တွေးနေမိသည်။

နွေချို...

မင်းဟာ ကိုယ့်ရဲ့သူရဲကောင်းမလေးပါပဲလို့ သူများတွေပြောသလိုပဲ ပြောရင်ကောင်းမလား။

မကောင်းသေးပါဘူးလေ...။ တော်ကြာ အသံဖမ်းစက်မထုတ်ပေးဘဲ ဓားထုတ်ကာ..'ရော့..အင့်၊ ခုတ်ချေ' ဆိုမှအခက်။

စိတ်ထဲမှာ အမျိုးမျိုးတွေးကာ ဟိုလျှောက်ဒီလျှောက်နဲ့ဖြစ်နေမိသည်။

"ငါ မင်းနဲ့မကြိုက်ခင်တုန်းက အချစ်ရေးကိစ္စမေးဖို့ဆိုပြီး ထူးထူးဆန်းဆန်း ဗေဒင်ဆရာတစ်ယောက်ဆီ ရောက်သွားသေးတယ်"

သူ့ရှေ့မှ လမ်းလျှောက်နေသော အတွဲတစ်တွဲဆီမှ ထွက်လာသော စကားသံဖြစ်သည်။

"အင်း.. သူက ဘယ်လိုဟောလိုက်လဲ ပြောပါဦး"

မိန်းကလေးက ယောက်ျားလေးလက်ကို မှီထားရင်းပြန်မေးသည်။

"အဲဒီတုန်းက မင်းကိုချစ်ခွင့်ပန်ထားတဲ့အချိန်ပေါ့၊ ငါ့ရင်ထဲမှာ ဗလောင်ဆူနေတဲ့အချိန်လို့ပြောရင်လည်း ရမယ်ထင်တယ်"

"ဟင်း.. ပိုလာပြီ"

"အဲဒီ ဗေဒင်ဆရာကြီးဆီရောက်တော့ ငါက မေးလိုက်တယ်"

"အင်း"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကောင်မလေးဆီက 'ချစ်တယ်'ဆိုတဲ့ အဖြေပြန်ရမှာလားလို့"

"သူက ဘာပြောလဲ"

"ဘာမှ မပြောသေးဘဲနဲ့ ကိုယ့်လက်ယှက်ကြည့်၊ မင်းမွေးနေ့တွေ ဘာတွေမေးတာပေါ့"

"ပြီးတော့"

မိန်းကလေးသည်လည်း ဇဗဒင်ဝါသနာပါပုံရသည်။

ခင်မောင်ရင်လည်း သူတို့စကားများကို စိတ်ဝင်စားသွားကာ ဆက်နားထောင်နေလိုက်သည်။

သူတို့အတွဲနောက်မှ ပုံမှန်လေးလိုက်ရင်းနဲ့ပေါ့။

"သူက ငါ့ကိုပြောတယ်။ အချစ်ရေးနည်းနည်းညှိနေတယ်တဲ့"

"ဟင် . . . အဲဒီတော့"

"အဲဒီတော့ ကိုယ်လည်းလန့်သွားတာပေ့ါ။ ဆရာရယ် ကျွန်တော့်ကို ကယ်ပါဦး၊ ဘာညာပြောရတော့တာပေ့ါ။ အဲဒီမှာ သူက ကိုယ့်ကို မိန့်မိန့်ကြီးပြောတယ်"

"ဘာတဲ့လဲ"

"ယတြာချေရမယ်တဲ့။ သူပြောတဲ့ ယတြာက ထူးထူးဆန်းဆန်းပဲကွ"

နားထောင်နေတဲ့ ကောင်မလေးတော့မသိဘူး။

ခင်မောင်ရင်က တော်တော်လေး စိတ်ဝင်စားသွားကာ ရှေ့တစ်လှမ်းပင် အနည်းငယ်တိုးလိုက်သည်။

"ဘာယတြာမို့လို့လဲ"

"ကိုယ့်နှလုံးသားလမ်းကြောင်းမှာ ကျွန်းခံနေတယ်တဲ့"



"အင်း"

"ဒီတော့ ကျွန်းဆိုတဲ့ စကားလုံးနဲ့ ဆင်တဲ့စကားလုံးလေးလုံးလောက်ကို သူ့ကိုပြောပြတဲ့"

"ဘယ်လို . ."

"ကျွန်းနဲ့ဆင်တာလေ။ စာလုံးပေါင်းအနည်းငယ်ဆင်တာကို ပြောတာ"

"ဪ"

မိန်းကလေးလည်း စကားပြောနေရင်းပင် စဉ်းစားနေပုံရသည်။ ယောကျ်ားလေးက ဆက်ပြောသည်။

"ကိုယ်လည်း စဉ်းစားမိရာ လေးလုံးလောက်ပြောလိုက်တယ်"

"ဘာတွေလဲ"

"ကျွန်တော်၊ ကျွန်းဆွယ်၊ ကျွန်ခံ၊ ကျွန်ယုံတော်လို့ ပြောလိုက်တာပေါ့"

"ပြီးတော့ ဘာပြောသေးလဲ"

"အဲဒီစကားလုံးတွေအတိုင်း ယတြာချေတဲ့။ ပထမဆုံး **ကျွန်တော်**လို့ ကိုယ့်ကိုကိုယ်သုံးနှုန်းပြီး မြန်မာနိုင်ငံက **ကျွန်းဆွယ်**တစ်ခုကို တစ်ရက်၊ နှစ်ရက်လောက်သွားတဲ့။ ပြီးတော့ . . ကျွန်းဆွယ်ပေါ်က ဘုရားတစ်ဆူကိုရှာပြီး ဘုရားရဲ့ဝေယျာဝစ္စလုပ်ပေးတဲ့၊ **ကျွန်ယုံတော်**အဖြစ် တစ်ရက်၊ နှစ်ရက်လောက် **ကျွန်ခံ**နေလိုက်တဲ့။ နှလုံးသားမှာ ကျွန်းခံနေတဲ့တာတွေ ပျောက်သွားအောင်လို့တဲ့"

"ဟင်"

ခင်မောင်ရင် အံ့ဩသွားသည်။ စိတ်ဝင်စားမှုအရှိန်လည်း မြင့်တက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



''ကိုယ်လည်း သူပြောသလို ယတြာချေလိုက်မိတယ်။ ဘာကြောင့်ဆို. . . ကိုယ်က မင်းမုန်းမှာ အသေကြောက်တာလေ''

''လာပြီ. . . ပိုလာပြီ''

မိန်းကလေးက ယောကျာ်းလေးကို ရှက်ကိုးရှက်ကန်းဖြင့် လက်သီးဖွဖွလေးထိုးသည်။

ခင်မောင်ရင် မနေနိုင်တော့. . .။ ထို့ကြောင့် . . .

''ဒီမှာ ခင်ဗျား. . . ဒီမှာ''

သူ့ရှေ့မှသွားနေသော အတွဲအားလှမ်းခေါ်လိုက်သည်။

ထိုအတွဲမှာရပ်သွားပြီး သူ့ကိုလှည့်ကြည့်သည်။

''ဘာလဲခင်ဗျ''

ယောကျာ်းလေးက ချိုချိုသာသာပင် လှမ်းမေးသည်။

''ဟို . . . ကျွန်တော်''

ခင်မောင်ရင်မှာ ဘာမေးလို့ မေးရမှန်းမသိဖြစ်သွားသည်။

မေးလိုက်ရင်လည်း သူနောက်က လိုက်နားထောင်နေမှန်း သိသွားနိုင်သည်။

သို့သော် မတတ်နိုင်။ သူ၏ချစ်ခြင်းအတွက် သူ့မှာအခြားရွေးချယ်စရာလမ်းမရှိတော့. . .။

''ဟို. . . အစ်ကိုပြောတဲ့ ဗေဒင်ဆရာနာမည်နဲ့ လိပ်စာများ ပြောပြနိုင်မလားလို့ပါ''

ယောကျာ်းလေးက သူ့ကိုကြောင်တောင်တောင်ကြည့်သည်။

ခင်မောင်ရင်ကို နားမလည်နိုင်စွာဖြင့် ကြည့်ခြင်းဖြစ်သည်။

''ဘာဖြစ်လို့လဲဗျ''

''ကျွန်တော်. . . ကျွန်တော်လည်း အချစ်ရေးကံမကောင်းလို့ပါဗျာ၊ အဲဒါ မေးကြည့်ချင်လို့''

ထိုလူမှာ သဘောပေါက်သွားပုံရသည်။

လိပ်စာတစ်ခုကို နှုတ်မှရွတ်ပြ၏။

ခင်မောင်ရင်မှာလည်း လွယ်အိတ်ထဲမှ စာအုပ်ထုတ်ကာ ကမန်းကတန်း လိုက်မှတ်ရ၏။

လွယ်အိတ်ထဲမှ တိုလီမိုလီပစ္စည်းများပင် ပြုတ်ကျ၏။

ထားလိုက်. . .။ နောက်မှ ပြန်ကောက်တော့မည်။

အခုအချိန်တွင် အချစ်ရေးသည် တိုလီမိုလီထက် အရေးကြီး၏။

■



www.burmeseclassic.com

www.burmeseclassic.com

(၄)

တိတ်ဆိတ်သော ခြံဝန်းတစ်ခုရှေ့တွင် ဆိုင်းဘုတ်တစ်ခုချိတ်ထား၏။

ဆိုင်းဘုတ်သည် စိတ်ဝင်စားဖွယ်ကောင်းလှသည်ဟု ထင်မိ၏။

ဆိုင်းဘုတ်တွင် အောက်ပါစာပိုဒ်တစ်ခုအား ခပ်ရှည်ရှည်ရေးထားလေ၏။

**သင်သည် တစ်စုံတစ်ခု 'အခက်အခဲ' တွေ့နိုင်သည်။**
**သင်ကြုံတွေ့နေရသော 'အခက်အခဲ'မှာ**
**သိပ်အကြီးအကျယ်ကြီး မဟုတ်ပါဘူး။ မိတ်ဆွေ ...**
**စဉ်းစားကြည့်လေ။**



**'အခက်အခဲ'ကို တစ်လုံးချင်းစီရွတ်လိုက်ပါလား။**
**'အခက်'**
**'အခဲ'**
**ဘာအဓိပ္ပာယ်မှ မရှိဘူး။**
**အဲ ...နည်းနည်းတော့ ရှိတာပေါ့လေ။**
**အခက်ရယ် အခဲရယ်ပေါ့**
**ဒါကြောင့် သင့်အခက်အခဲတွေကို**
**ကျွန်ုပ်က တစ်ခုချင်းစီ သေချာစွာဖြေရှင်းပေးပါမည်။**
**(သို့) အကြံဉာဏ်ပေးနိုင်ကောင်း ပေးပါလိမ့်မည်။**
**သို့သော် သင်ကိုယ်တိုင်လာဖို့တော့ လိုပါလိမ့်မည်။**

ဆိုင်းဘုတ်ရှည်ကြီးကိုဖတ်ကြည့်ပြီးနောက် ခင်မောင်ရင်သည် ခြံဝန်းအတွင်းသို့ လှမ်းဝင်လိုက်သည်။

အိမ်ထဲသို့ ဝင်ခါနီးတွင် ကောင်လေးတစ်ယောက်က

"ဗေဒင်မေးဖို့လား မသိဘူး"

"ဟုတ်ကဲ့"

"ခဏစောင့်နော်၊ အထဲက တစ်ယောက်ပြီးရင် ဝင်လို့ရပါပြီ"

အပြင်မှာရှိတဲ့ ခုံပေါ်မှာပဲ ထိုင်စောင့်နေလိုက်သည်။

ခဏကြာသောအခါ လူတစ်ယောက်ထွက်သွားပြီး သူဝင်ခွင့်ရ၏။ အိမ်တွင်းတွင် လွန်စွာသန့်ရှင်းသပ်ရပ်ပြီး ခေတ်မီလှပစွာ ပြင်ဆင်ထား၏။ အိမ်၏ သပ်ရပ်မှုနှင့် စတိုင်လ်ကျမှုကို မချီးကျူးဘဲ မနေနိုင်ပြီး.. အိမ်၏ ပြင်ဆင်ထားပုံသည် အနုပညာဆန်သည်ဟု စိတ်ထဲတွင် ခံစားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးညွှန်ပြရာ အခန်းထဲသို့ လှမ်းဝင်လိုက်သည်။ တိတ်ဆိတ်မှုတစ်ခုက သူ့ကို လွှမ်းခြုံထားသလို ခံစားလိုက်ရပြန်သည်။

သပ်ရပ်ကြည်ညိုဖွယ်ကောင်းသော ဘုရားစင်တစ်ခု။

အခန်းအတွင်း၌ရှိနေသော အရောင်များ။ ပြီးနောက် ယုံကြည်ကိုးစားဖွယ်ကောင်းသော လူတစ်ယောက်ထိုင်နေလေ၏။

ခင်မောင်ရင်သည် ထိုလူ့အနားသို့ တိုးသွားလိုက်၏။

ထိုလူ၏အသက်မှာ (၄၀)ကျော်ခန့်သာရှိမည်ဟု ခန့်မှန်းရသည်။

"ထိုင်ပါ. . ထိုင်ပါ"

သြဇာအာဏာနှင့် ပြည့်စုံသောအသံဟု ခင်မောင်ရင် စိတ်ထဲ ခံစားမိပြန်သည်။

"ဗေဒင်ယုံလို့လာမေးတာလား"

"ဗျာ"

ရုတ်တရက်မေးလိုက်သောအမေးကြောင့် ခင်မောင်ရင်မှာ ဘာပြန်ပြောရမှန်း မသိဖြစ်သွားသည်။

ထိုလူက ထပ်မေးသည်။

"ဗေဒင်ယုံလား"

"ဟို. ."

အမှန်အတိုင်း ပြောရရင် ဒီလာချင်သည်မှာ အချစ်ကိစ္စအတွက် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိသောကြောင့် ရောက်လာခြင်းဖြစ်သည်။

ယုံလို့ မယုံလို့ရယ်ကြောင့် မဟုတ်ချေ။

ထိုလူမှာလည်း ရိပ်မိပုံရသည်။



ထို့ကြောင့်

"လွန်ခဲ့တဲ့ (၁၇၉၀) ခုနှစ်၊ ပြင်သစ်ပြည် တော်လှန်ရေးကြီးဖြစ်နေစဉ် အချိန်လောက်တုန်းကပေါ့"

"ဟုတ်ကဲ့"

"ဗေဒင်လက္ခဏာအလွန်ကျွမ်းကျင်ပြီး ထင်ရှားကျော်စောတဲ့ ပီယာကာလပ်ဆိုတဲ့ ခရစ်ယာန်ဘုန်းတော်ကြီးတစ်ပါးပေါ်ပေါက်ခဲ့ဖူးတယ်"

ဆွဲဆောင်မှုအပြည့်ရှိသော သူ့စကားကြောင့် ခင်မောင်ရင်လည်း ငေးပြီးနားထောင်နေမိသည်။

"သူဟောပြောချက်တွေထဲမှာ နပိုလီယံနဲ့ပတ်သက်ပြီး ဟောပြောတဲ့အချက်တွေက အံ့သြဖွယ်ကောင်းလောက်အောင် မှန်ခဲ့တယ်"

"ဟုတ်ကဲ့"

"တစ်နေ့ အလုပ်လက်မဲ့ဖြစ်နေတဲ့လူတစ်ယောက်က ခရစ်ယာန်ဘုန်းတော်ကြီးဆီရောက်လာတယ်။ ရှေ့ရေးကို မေးဖို့ပေါ့"

". . . . . . . . ."

"အဲဒီမှာ ခရစ်ယာန်ဘုန်းတော်ကြီးက အဲဒီလူရဲ့မွေးနေ့ကို တွက်ချက် ကြည့်ပြီးပြောလိုက်တယ်။ ဒီပြင်သစ်တော်လှန်ရေးကြီးကို ကော်ဆီကာလူမျိုး တစ်ဦးက ပြီးစီးစေလိမ့်မယ်။ အဲဒီလူဟာ သင်သာလျှင် ဖြစ်နိုင်တယ်လို့ ပြောလိုက်တယ်"

"သူက ဘယ်သူလဲ"

"သူက နောင်တစ်ချိန်မှာ ပြင်သစ်ကေရာဇ်ဖြစ်မယ့် နပိုလီယံပဲ"

"သြော်"

"ဒါပေမဲ့ အဲဒီတုန်းက သူမယုံခဲ့ဘူး။ ခရစ်ယာန် ဘုန်းတော်

www.burmeseclassic.com

www.burmeseclassic.com



ကြီးကိုတောင် အရူးလို့ သူက ထင်ခဲ့တာ''

''... ... ...''

''နောက် ... သူကရောဂါဖြစ်လာတော့လည်း ခရစ်ယာန်ဘုန်းတော်ကြီးကို စောင့်ရှောက်ထားပါတယ်''

''ဟုတ်ကဲ့''

''အင်း... ပြောလက်စနဲ့ ပြောရဦးမယ်။ တစ်နေ့မှာပေါ့ ... တစ်နေ့ဆိုတာက ၁၈၁၄ ခုနှစ်ရဲ့ ဖွန်လတစ်နေ့မှာပေါ့။ ခရစ်ယာန်ဘုန်းတော်ကြီးက နပိုလီယံရဲ့ ဇာတာတွက်နေတုန်း နပိုလီယံစစ်ရှုံးမယ့်အကြောင်းကို သူသိလာရတယ်''

''ဒီတော့ သူက ဘာလုပ်လဲဟင်''

''(၁၈၁၄) ခုနှစ်မှာကလည်း အင်္ဂလိပ်နဲ့ ပြင်သစ်စစ်ဖြစ်နေတော့ ပြင်သစ်တပ်တွေရှိရာနောက်ကို ခြေလျင်လိုက်သွားတာပေါ့။ သူက သတိပေးမလို့ပေါ့''

''ဩော်... ရောက်သွားလား''

''အင်း... ရောက်တော့ ရောက်တယ်၊ ဖွန်လ (၁၄)ရက် ကမ္ဘာကျော်ဝါတားလူးစစ်ပွဲ မဖြစ်ခင်တစ်ရက်အလိုပေါ့၊ ဒါပေမဲ့ နပိုလီယံရဲ့ သက်တော်စောင့်တွေက သူ့ကို အရူးတစ်ယောက်လိုမောင်းထုတ်ခဲ့ကြတယ်''

''ဟင်''

''တိုတိုပြောရရင် နပိုလီယံစစ်ရှုံးပြီး ပါရီမြို့ပြန်ရောက်တဲ့အခါမှာ စစ်ပွဲတွေရဲ့ ကျင်းတစ်ခုထဲမှာ ခရစ်ယာန်ဘုန်းတော်ကြီးရဲ့ အလောင်းကို တွေ့ရတယ်။ လက်ထဲမှာလည်း နပိုလီယံရဲ့ဇာတာအကွက်တွေပါတဲ့ စာရွက်ကိုကိုင်လို့ပေါ့''



''... ... ...''

သူ ဘာမှပြန်မပြောမိ။

''ဆိုလိုချင်တာက ငါတို့ ဗေဒင်ဆရာတွေက ဒါဖြစ်မယ်၊ ဟိုဟာဖြစ်မယ်လို့ပြောတယ်။ အညွှန်းတွေဆိုရင် ရှောင်လွှဲလို့ရအောင်ကြိုးစားကြည့်ပေးတယ်... ဒါပေမဲ့ကွာ''

''ဟုတ်ကဲ့''

**''ကမ္ဘာကြီးဟာ သူ့အလိုလိုဖြစ်နေတာပါ၊ အဲဒီအထဲမှာ ငါတို့က ကိုယ်လိုချင်တဲ့အတိုင်းဖြစ်အောင် ကြိုးစားနေကြတာပါ''**

''ဟင်''

သူ့စိတ်ထဲ လင်းခနဲဖြစ်သွားသည်ဟု ထင်မိသည်။

ထို့နောက် သူက ခင်မောင်ရင်၏ မွေးနေ့နှင့် လိုအပ်သည့် အချက်အလက်များအား မေး၏။

ထို့နောက် ဘာကိစ္စဖြစ်နေလဲဟု မေးပြန်၏။

ခင်မောင်ရင်ကလည်း အမှန်အတိုင်းပဲ ပြောပြလိုက်၏။

ထိုသူက ခင်မောင်ရင်ပြောစကားများကို နားထောင်ပြီးနောက် အနည်းငယ်တွက်ချက်လေတော့၏။

ခဏအကြာတွင်

''နည်းနည်းတော့ အခြေအနေမကောင်းဘူးကွ''

''ဗျာ''

လောကမှာ သူမကြားချင်ဆုံးသောစကားဖြစ်သည်။

အခု အချစ်ရေးနှင့် ပတ်သက်၍ ပိုဆိုး၏။

''ကျွန်တော် ဘယ်လိုလုပ်ရမလဲ ဆရာ''

''အင်း''

www.burmeseclassic.com

www.burmeseclassic.com



ထိုသူမှာ ခဏစဉ်းစားပြီးနောက် အနည်းငယ်တွက်ချက်ပြန်၏။

''ကြိုးစားကြည့်မယ်ကွာ . . . နေဦး''

''ဟုတ်ကဲ့ ဆရာ''

''အခုဟာက မင်းရင်ထဲမှာရှိတဲ့ အိပ်မက်ကိုအကောင်အထည်ဖော်မှာဆိုတော့ . . . အင်း''

''ပြောပါဆရာ . . . ပြောပါ''

သူ့မှာအားကိုးရာမရှိ။

ထိုကြောင့် အသည်းအသန်မေးလိုက်ရသည်။

''ဒီည မင်းမက်မဲ့ အိပ်မက် (သို့)ယခုမှစပြီး မင်းပထမဆုံးမက်မယ့် အိပ်မက်ကို အပြင်မှာ အိပ်မက်ထဲကအတိုင်း အကောင်အထည်ဖော်လိုက်''

''ဗျာ''

သူနည်းနည်းတော့ လန့်သွားကြောင်း ဝန်ခံရပေမည်။

''မင်းအိပ်မက်တွေ အကောင်အထည်ပေါ်လာအောင်လို့လေ''

တွေဝေမှု၊ ပြတ်သားမှု၊ မရေရာမှုတို့က သူ့ခေါင်းထဲသို့ တစ်လှည့်စီ ဝင်လာနေသည်။ နောက်ဆုံး ဆုံးဖြတ်ချက်ချလိုက်သည်။

■

ထူးထူးဆန်းဆန်းနဲ့
အပြင်မှာ လုပ်ရခက်မယ့်
အိပ်မက်မျိုး
မမက်ပါစေနဲ့ဘုရား . . .။

www.burmeseclassic.com

www.burmeseclassic.com

## (၅)

''ဟိတ်''

''အမလေး . . . ပလုတ်တုတ်''

နွေချိုက သူ့ပခုံးပေါ် ရုတ်တရက်လှမ်းပုတ်လိုက်မှုကြောင်း ယောင်ပြီး ထွက်သွားသည်။

''အသံတွေရခဲ့ပြီလား''

''ကြို့ . . ကြိုးစားတုန်းပဲ''

''အင်း . . . သေသေချာချာလုပ်နော်''

ဟု ဆိုကာ ထွက်သွားလေ၏။

အသံမဖမ်းရသေးသောကြောင့် နွေချိုကိုရှောင်နေရာမှ နွေ… က တွေ့သွားခြင်းဖြစ်သည်။



ဟူး . . . ဟု သက်ပြင်းချကာ ခေါင်းငိုက်စိုက်ငိုက်စိုက်နှင့် လျှောက်နေမိသည်။

ခင်မောင်ရင်သည် သူ၏မျက်လုံးများအား တစ်ချက်ပွတ်လိုက်သည်။ ညက ကောင်းကောင်းမအိပ်ခဲ့ရ။

အိပ်မက်တစ်ခုကို မက်လိုက်မိမှာစိုး၍ ဖြစ်သည်။

အိပ်မက်မက်မိလျှင် ထိုအိပ်မက်ကို အကောင်အထည်ဖော်ရတော့မည်။

အိပ်မက်က လိုက်လုပ်ဖို့လွယ်နေလျှင် အကြောင်းမဟုတ်။ ခက်နေမှ ဒုက္ခဟု ခင်မောင်ရင်စိတ်ထဲ တွေးတွေးကာ ကြောက်နေမိလေသည်။

ထိုစိတ်တို့ကြောင့် စာသင်နေရသည့်မှာလည်း မပျော်ဖြစ်နေသည်။ ထို့ကြောင့် ကင်တင်းကို တစ်ယောက်တည်းထွက်လာခဲ့သည်။

ခင်မောင်ရင်တွင် အပေါင်းအသင်းရှိပါသည်။

သို့သော် သူက တစ်ယောက်တည်းနေတတ်တာများသောကြောင့် သူ့သူငယ်ချင်းများနှင့် တစ်ခါတစ်ရံမှသာ နေတတ်သည်။

ကင်တင်းရောက်သောအခါ စားစရာများစားပြီးနောက် ဗိုက်လေးလာ၏။

ထို့အတူ မျက်လုံးများလည်း စင်းလာသည်။

မအိပ်ဘူး . . ဟု ပေကပ်ကပ်နှင့် တင်းထားသေးသည်။

မရတော့။

မရ . . . ။

မ . . . . ။

. . . . . ။

www.burmeseclassic.com

www.burmeseclassic.com



ကင်တင်းရှိ စားပွဲပေါ်မှာပင် ခေါင်းတင်ကာ အိပ်ပျော်သွား လေတော့၏။

မကြာမီ အိပ်မက်,မက်လေ၏။

■

(၆)

အိပ်မက်ထဲတွင် . . .

သူညကကြည့်ထားသော ဗွီဒီယိုကားထဲက ဇာတ်ကွက်တစ်ခု အတိုင်း ပြန်မက်သည်။

မင်းသားနှင့် မင်းသမီးက ပန်းခြံထဲတွင် ပြေးနေ၏။

မင်းသားမှာ သူဖြစ်နေပြီး . . . ။

မင်းသမီးမှာ နွေချိုချိုဖြစ်နေသည်။

နွေချိုသည် သူ့ထံသို့ မျက်နှာချင်းဆိုင်မှ ပြေးလာ၏။

သီချင်းတစ်ပုဒ်သံစဉ်နှင့်အတူ ပြေးလာခြင်းဖြစ်သည်။

သီချင်းမှာ နာမည်ကြီးသော သီချင်းတစ်ပုဒ်ဖြစ်၏။

အာရာမာ ဒစ်စကို ဒန်းဆား ဆိုသည့် ကုလားသီချင်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ သူကလည်း အပြေး . . .။

နွေချိုကလည်း အပြေး . . .။ နွေချိုက ပြေးရင်းနဲ့တောင်

''ဟာရေး . . . ဟာရေး''

ဟု အော်လိုက်သေး၏။

သူကလည်း အားကျမခံ။

''ပြာရေး . . . ပြာရေး''

ဟု ထပ်အော်ပြန်၏။

ပြေးလာသည်။ စလိုးမိုးရှင်းနှင့် ပြေးလာသည်။ နှစ်ဦးသား လှမ်းဖက်သည်။

''ခလွမ်း''

ပန်းကန်ကွဲသံကြောင့် သူလန့်နိုးသွားသည်။ ထို့နောက်တွင် သူ့တစ်ကိုယ်လုံးချွေးပြန်နေကြောင်း သတိထားမိသည်။

ဆိုင်ရှင်၏ဆူသံ . . .။ စားပွဲထိုးလေး၏ငိုမဲ့မဲ့မျက်နှာ။

အားလုံးကို ကြားချင်၊ မြင်ချင်စိတ်မရှိတော့။

ရင်ထဲမှာ တစ်ခုပဲသိနေသည်။

သူ့အိပ်မက်သည် အကောင်အထည်ဖော်ဖို့ မလွယ်ကူသော အိပ်မက်ဖြစ်သည်။

ညက ကြည့်မိသော ဗွီဒီယိုကားကိုပင် လိုမ့်ပိန်၍ပြီး အပြစ်တင်မိသည်။

သူဘာလုပ်ရမလဲ။

အိပ်မက်ကို အကောင်အထည်ဖော်ရမလား။

မဖြစ်သေး . . .။

ဘယ်လိုနည်းနဲ့မှမဖြစ်နိုင်။



စဉ်းစားလေ စိတ်ညစ်လေဖြစ်လာသည်။

ထို့ကြောင့် မစဉ်းစားချင်တော့ဘဲ စားပွဲပေါ် ဘုန်းကနဲမြည် အောင်ခေါင်းချပြီး ထပ်အိပ်လိုက်လေတော့၏။

ဆိုင်ရှင်ကတောင် ဘာဖြစ်တာလဲဟု လှမ်းကြည့်သေးသည်။

■

www.burmeseclassic.com

www.burmeseclassic.com

(၇)

ထိုအချိန်တွင် နွေချိုချိုမှာ ပါမောက္ခရုံးခန်းထဲတွင် ပြဿနာတက်နေ၏။

ရုံးခန်းထဲတွင် ပါမောက္ခ၊ ဆရာမနှစ်ဦး၊ နွေချို၊ နွေချို့သူငယ်ချင်းနှင့် ကျောင်းသားသုံးယောက်ရှိနေကြသည်။

"နွေချို . . သမီးကို သူက ဘာတွေလိုက်ပြောတာလဲ"

"သူ့ကိုမေးကြည့်ပါဆရာကြီး၊ သမီး မပြောချင်လို့ပါ"

ဆရာကြီးသည် ကျောင်းသားတစ်ယောက်ဘက်သို့လှည့်ကာ

"မင်းတို့ ဘာတွေသွားပြောတာလဲ"

"ကျွန်တော်တို့က သူ့နောက်ကလိုက်ပြီး သူ့နာမည်အဖျားဆွတ်ခေါ်တာပါ ဆရာကြီး"



ဆရာကြီးက နွေချို့ဘက် မျက်လုံးလှန်ကြည့်သည်။

"နင်တို့ ဘယ်လိုခေါ်လဲဆိုတာပါထည့်ပြောဦးလေ"

နွေချိုက ကျောင်းသားတွေကို ပြန်ပက်သည်။

"အေး . . . မင်းတို့က ဘယ်လိုခေါ်တာလဲ"

"ဟို . . . ချိုချိုအောင်လို့ ခေါ်တာပါ ဆရာကြီး"

ဆရာကြီးနှင့်တကွ ဆရာမနှစ်ဦးပါ မျက်မှောင်ကုတ်သွားသည်။

ကျောင်းသားကဆက်ပြောသည်။

"ကျွန်တော်တို့က သူ့ကိုအောင်လေးတစ်လုံးပဲပိုခေါ်မိတာပါ ဆရာကြီး"

ဆရာကြီးက နွေချို့ဘက်လှည့်ပြီး

"သမီးပြောတော့ သူတို့က ရှက်စရာစကားတွေလိုက်ပြောတယ်ဆို"

နွေချိုက မျက်နှာလေးရဲသွားပြီး

"သမီးကို သူတို့က ချိုချိုအောင်လို့ ခေါ်တာမှန်ပါတယ် ဆရာကြီး၊ ဒါပေမဲ့ သမီးနာမည်ကို ခေါ်တာမဟုတ်ပါဘူး။ သူတို့က အဓိပ္ပာယ်တစ်မျိုးနဲ့ ပြောကြတာပါ"

"ဟေ . . . ဘယ်လိုများတုန်း"

ဆရာကြီးမှာ စိတ်ဝင်စားသွား၏။

"ချိုချိုအောင်ဆိုတာ ရှေးခေတ်တုန်းက ဘန်းစကားပါ ဆရာကြီး၊ ရင်သားကြီးထွားသူလို့ အဓိပ္ပာယ်ရပါတယ်"

"အို"

ဆရာမနှစ်ယောက်ရှက်သွားသည်။

ဆရာကြီးက ကျောင်းသားများကိုကြည့်လိုက်သည်။ နွေချိုက

www.burmeseclassic.com

www.burmeseclassic.com



ဆက်ပြောသည်။

''အဲဒါ ဆရာကြီးသူတို့ကို ဆုံးမပေးဖို့ပါ''

ဟုဆိုပြီး နွေချိုမှာ ဆရာကြီးနှင့် ဆရာမနှစ်ဦးအား အရိုအသေပေးကာ အခန်းထဲမှ ရိုးရိုးနဲ့ယဉ်ယဉ်ထွက်လာခဲ့တော့၏။

ဆရာကြီးနှင့် ဆရာမနှစ်ဦးမှာ အူကြောင်ကြောင်နှင့် ကျန်ခဲ့၏။ ထို့နောက်ဆရာကြီးက ကျောင်းသားများဘက်လှည့်ကာ

''ဟော့ကောင်တွေ''

ဟု အော်လိုက်လေတော့၏။

■

(၈)

နွေချိုမှာ ပါမောက္ခရုံးခန်းထဲမှထွက်ကာ သူ့သူငယ်ချင်းနှင့် လမ်းခွဲပြီး ကင်းတင်းဘက်သို့ရောက်လာသောအခါတွင်ကင်တင်းတစ်ခု ရှိ စားပွဲပေါ်တွင် အငြိမ့်သားအိပ်နေသော ခင်မောင်ရင်ကို တွေ့လိုက်ရ၏။

စိတ်တိုပြီးထွက်လာသော နွေချိုမှာ ခင်မောင်ရင်အပေါ်သို့ ဒေါသများက ဘာမဆိုင် ညာမဆိုင်ပဲ စုပုံရောက်ရှိသွားကာ စားပွဲခုံအား

''ဒုန်း''

ကနဲမြည်အောင်ထုလိုက်လေ၏။

''အမလေး''

ခင်မောင်ရင်မှာ လန့်ပြီး 'ဘာဖြစ်တာလဲ . . ဘာဖြစ်တာလဲ၊

www.burmeseclassic.com

www.burmeseclassic.com



ဝူးဝူး'ဟု လုပ်နေသေး၏။

"နင်ကလည်း ယောကျ်ားဖြစ်ပြီး အသည်းငယ်လိုက်တာ ခင်မောင်ရင်ရယ်"

ခင်မောင်ရင်မှာ နွေချိုကို အခုမှမြင်သွားပြီး ဟိုဟာလုပ်ရမလို ဒီဟာလုပ်ရမလိုဖြစ်သွားကာ

"ငါ. . ငါ ဘာများလို့လဲ နွေချို"

"နေပါဦး၊ နင်က အခု ဘာဖြစ်နေတာလဲ ငါ့ကိုကြောက်နေတာလား"

နွေချိုက ခင်မောင်ရင့်မျက်နှာကို အသေအချာစိုက်ကြည့်ကာ မေးလိုက်လေ၏။

"ဟို . . . ဟိုဟာလေ"

"ဘာလဲ"

"အင်း . . . ကြောက်တယ်"

"ဘာ"

နွေချို့အော်သံကြောင့် ဘေးနားကဝိုင်းတစ်ချို့က လှည့်ကြည့်ကြသည်။

ခင်မောင်ရင်လည်း လန့်သွားသည်။

နွေချိုက ခင်မောင်ရင်ကို မျက်မှောင်ကြုတ်ကာ စိုက်ကြည့်နေ၏။

စက္ကန့်အနည်းငယ်ကြာသည်အထိ အကြည့်တို့မခွာသေး. . ။

ခင်မောင်ရင်မှာ နွေချိုကို မကြည့်ရဲ. . ။

နွေချို ရှေ့က ရေနွေးခွက်ကိုသာ စိုက်ကြည့်နေရသည်။

ထို့နောက်



ရုတ်တရက်ဆိုသလို နွေချို့မျက်ဝန်းကို လှမ်းကြည့်လိုက်သည်။

"ဘာကြည့်တာလဲ"

"အဲ. . ဟုတ်ဘူး၊ ယောင်လို့"

မျက်လွှာပြန်ချထားလိုက်ရသည်။

နွေချိုက စိုက်ကြည့်နေသောကြောင့် သူ့မှာမနေတတ်သလို ဖြစ်လာသည်။

နွေချိုသည် ဤသို့ဆိုးသောကောင်မလေးတစ်ယောက် ဖြစ်ပါသည်။

သူကလည်း ချစ်မိနေတော့ခက်သည်။

"ခင်မောင်ရင်"

နွေချိုက ခေါ်ပြန်သည်။ သူဆတ်ကနဲတွန့်သွား၏။

"ဘာ. . ဘာလဲ နွေချို"

"ငါစိတ်တိုလာတာ နင်သိတယ်မဟုတ်လား"

"အေး. . သိပါတယ်"

"ဒါဆို နင်ငါ့ကို တစ်ခုကူညီဟာ"

ခင်မောင်ရင် လန့်သွားပြန်သည်။

နွေချို့ကိုလည်း မရဲတရဲလေးကြည့်လိုက်၏။

'သိပ်လှတာပဲ'ဟု တွေးဖြစ်အောင် တွေးလိုက်သေးသည်။

"ပြောလေ နွေချို"

ဝင်လာစတုန်းကလောက် မပြင်းထန်တော့သော နွေချို့စကားသံကြောင့် ခင်မောင်ရင်မှာလည်း ပြောရဲဆိုရဲရှိလာသည်။

"အိမ်မှာ ငါ့ကိုလာပြီး ရစ်သီရစ်သီလုပ်နေတဲ့ လူပြိုတစ်ယောက်ရှိတယ်ဟာ"

www.burmeseclassic.com

www.burmeseclassic.com



''ဟင်''

သူနည်းနည်းတော့ စိုးရိမ်စိတ်ဝင်သွားသည်။

''ငါ့အမေနဲ့ အဖေကိုလည်း ငါ့ကိုလက်ထပ်ချင်တယ် ဘာတယ် ဆိုပြီး နားပူနားဆာလုပ်တာပေါ့''

''အင်း''

''ငါက သူ့ကိုကြည့်လို့မရဘူးဟဲ့ ဘာတဲ့ . . . ကုမ္ပဏီရဲ့ပိုင်ရှင် ဆိုလား ဘာဆိုလားပဲဟယ်''

''ဪ''

''သူက ငါတို့အိမ်လာတိုင်း ငါ့ကိုပြောပြောနေတဲ့ စကားတစ်ခွန်းရှိတယ်''

''ဘာတဲ့လဲ''

''နွေလေး . . . အလိုရှိတာကို အချိန်မရွေးပြောပါ။ ကိုယ် နွေလေးအတွက် အသင့်ရှိပါတယ်ဆိုပြီးတော့ပေါ့ဟယ်''

သူနည်းနည်း ထိတ်လန့်စပြုလာသည်။

''အဲဒီတော့ ငါက ဘာကူညီရမှာလဲ''

''အဲဒီလူကြီးကုမ္ပဏီကို ငါနဲ့ခဏလိုက်ခဲ့ဟာ''

''ဘာ. . . ဘာလုပ်ဖို့လဲဟ''

''ဘာမှ ထွေထွေထူးထူး မရှိပါဘူးဟယ်၊ အဲဒီလူကြီးကို ပုံပြင် ပြောခိုင်းမလို့ပါ''

''ဟင်''

ဆုံးအောင် 'ဟင်' ချိန်မရလိုက်။

နွေချိုမှာ ဘုဆတ်ဆတ်ဖြင့် ထထွက်သွားသောကြောင့် ဖြစ်သည်။



သူ့မှာလည်း သူမနောက်သို့ အမှီလိုက်ရသည်။

သူမသည် တစ်ခါတစ်ရံတွင် ဘာတောမှန်းမသိသောအရပ်မှာ ဘာမှန်းမသိသော ပန်းပွင့်ခြင်းနှင့်တူပါသည်။

■

www.burmeseclassic.com

www.burmeseclassic.com

(၉)

ကြီးမားခန့်ညားသော ကုမ္ပဏီအဆောက်အဦးရှေ့သို့ရောက်သွားသောအခါတွင် ခင်မောင်ရင်မှာ တွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေသည်။

နွေချိုက

''လာစမ်းပါဟဲ့ . . ခင်မောင်ရင်ရဲ့''

ဟုဆိုကာ ရှေ့မှဝင်သွား၏။ သူလည်းလိုက်ဝင်လိုက်ရသည်။

အထဲသို့ရောက်သောအခါ Reception ကောင်မလေးတစ်ယောက်က

''ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲရှင်''

ဟု ချိုချိုသာသာလေး မေး၏။

''ရတယ်၊ ကျွန်မ ဦးကောင်းမြင့်ရဲ့မိတ်ဆွေပါ၊ သူ့အခန်းကို



သွားလိုက်မယ်နော်''

''ဟို . . . ညီ့ . . .''

Reception ကောင်မလေး၏ အဖြေကို စောင့်မနေတော့ဘဲ နွေချိုက ခင်မောင်ရင်ကိုလှမ်းကြည့်ပြီး

''လာ''

ဟုဆိုကာ အခန်းတစ်ခုသို့ ဦးတည်လျှောက်သွားလိုက်သည်။

ခင်မောင်ရင်လည်း သူမနောက်မှ ကုပ်ကုပ်ကလေးလိုက်သွားလိုက်၏။

Reception ကောင်မလေးမှာ ခေါင်းကုပ်ရင်းကျန်ခဲ့သည်။

အခန်းထဲသို့ရောက်သောအခါ ခံ့ညားသော လူကြီးတစ်ဦးနှင့်အတူ လူတစ်ယောက်လည်း ထိုင်နေ၏။

ညီ့သည်ဖြစ်ပုံရသည်။

နွေချိုဝင်လာသည်ကို မြင်လိုက်သောအခါ ခံ့ညားသည့်လူကြီးက အံ့ဩမှင်သက်သွားသည်။

''ဆောရီးနော်၊ ခွင့်မတောင်းဘဲ ဝင်လာလို့''

နွေချိုက ပြောသည်။

''ရပါတယ်''

ထို့နောက် ထိုလူကြီးက ခင်မောင်ရင်ကို မြင်သွား၏။

တွေဝေသွားပုံရသည်။

ဘာလဲဟ . . ဟု ဖြစ်သွားပုံလည်းရသည်။

သို့သော် ကြာကြာတွေဝေပုံမရဘဲ နွေချိုဘက်သို့လှည့်ကာ

''ပြော . . . အလည်သက်သက်ပဲလား''

''ဟင့်အင်း''

www.burmeseclassic.com

www.burmeseclassic.com



နွေချိုကလည်း ခပ်တည်တည်ပါပဲ။

နံ့သာသည့် လူကြီးက ပြုံးသွားသည်။ သူ့ ညည့်သည်ကိုတောင် ခေါင်းတဆတ်ဆတ်ညိတ်ပြသည်။

'တွေ့လား . . အဲဒါသာကြည့်တော့ဗျာ' ဆိုသည့် အမူအရာပင် ဖြစ်ပေလိမ့်မည်ဟု ခင်မောင်ရင့်စိတ်ထဲ တွေးလိုက်မိသည်။

''ပြောပါဦး၊ နွေလေး ဘာများလိုချင်လို့လဲ''

''ဦးကို ပုံပြင်ပြောခိုင်းမလို့''

''ဟင်''

မထင်မှတ်သော စကားကိုကြားလိုက်ရ၍ ထိုလူကြီးမှာ ထိတ်လန့်သွားပုံရသည်။

သူ၏ညည့်သည်မှာ နွေချို့စကားကြောင့် ပြုံးနေရာမှ ရယ်လာလေ၏။ ထိုလူကြီးမှာ ရှက်သွားပုံရသည်။

''ဟို . . ဒီလိုလုပ်ပါလား၊ ပြီးရင် တစ်ခုခုစားရင်းနဲ့ ပြောပြမယ်လေ''

''မရဘူး၊ အခုပဲ နားထောင်ချင်တာ''

နွေချိုတော့မသိ၊ သူ့မှာ တော်တော်လေးကို မျက်နှာပူနေသည်။

တစ်ယောက်မျက်နှာတစ်ယောက် လိုက်ကြည့်ရတော့မလို မဆိုင်သည့် အခန်းမျက်နှာကျက်တွေပဲ ကြည့်ရတော့မလိုဖြစ်နေသည်။

နွေချို၏မျက်နှာကတော့ 'အခုဆို . . အခုပဲ' ပုံစံဖြစ်နေသည်။

''ကိုယ် . . . ညည့်သည်နဲ့ စကားပြောနေလို့၊ ပြီးရင် . . .'

''မရဘူး''

နွေချို၏အသံအနည်းငယ်ကျယ်သွားသည်။

'နွေချိုသွားရအောင်' ဟု သူတားရန်ပြင်လိုက်သည်။ သို့သော်



နွေချိုက

''ပြောတော့ အချိန်မရွေးလာပါ၊ နွေလေးအတွက် အသင့်ရှိပါတယ်ဆို၊ အခုတော့ ခဏစောင့်လေးဘာလေးနဲ့''

ထိုလူကြီးမှာတော်တော်မျက်နှာပျက်နေသည်။

ညည့်သည်ရှေ့မှာဆိုတော့ ရှက်လည်းရှက်နေပေလိမ့်မည်။

''တော်ပြီ ပြန်တော့မယ်။ မေမေတို့ကိုလည်း ပြောလိုက်တော့မယ်။ ဒီလူကြီးက အခုတစ်မျိုးတော်ကြာတစ်မျိုးလို့''

ဟုဆိုကာ အခန်းတံခါးကို ဝုန်းကနဲဆွဲဖွင့်ကာ ထွက်လာလေ၏။

အခန်းထဲတွင် သူတစ်ယောက်တည်းကျန်ခဲ့သည်။

သူ့မှာ နွေချို့အစား အားနာသလိုလိုဖြစ်လာကာ

''ဟို . . သူ့အစားတောင်းပန် . . တောင်းပန်ပါတယ်ဗျာ။ သူစိတ်တိုနေလို့ပါ''

ဟု ပြောပြီး သူလည်း အခန်းထဲမှ ခပ်သွက်သွက်ထွက်လာခဲ့လိုက်၏။

ဘယ်လောက်တောင် ခြေလှမ်းသွက်သည်မသိ။

တော်တော်လေးကြာမှ နွေချို့ကို မီလေတော့သည်။

''နှင် . . အဲဒီလိုလုပ်တာတော့ မကောင်းပါဘူး''

''ဘာ''

နွေချိုက ခြေလှမ်းများရပ်ကာ ခင်မောင်ရင်ကို ပြန်ကြည့်[illegible]

သူမပြောရဲတော့ဘဲ ခေါင်းငုံ့နေလိုက်ရသည်။

''နှင် ဘာသိလို့လဲ၊ အဲဒီလူကြီးက ဘူးကြီးဟဲ့ . . [illegible]

သူ့အကြောင်းကို ဟိုတစ်နေ့ကမှ ငါ့သူငယ်ချင်းတစ်ယော[illegible]

www.burmeseclassic.com

www.burmeseclassic.com



သိရတာ၊ ငါလည်းကိုယ်တိုင်စုံစမ်းပြီးပြီ။ အဲဒါ ဒီနေ့တိုက်ဆိုင်လို့ ပြောဖြစ်တာ၊ ဒါပဲ''

နွေချိုမှာ တောက်လျှောက်ပြောလိုက်ရ၍ မောသွားဟန်ရှိသည်။ ထို့ကြောင့် ပတ်ဝန်းကျင်ကိုကြည့်လိုက်ပြီး

''ဟဲ့ . . ဟိုမှာ ဆိုင်တစ်ဆိုင် . . လာဟယ် သွားထိုင်ရအောင်''

သူကပဲ ဦးဆောင်ကာ ဝင်သွားသည်။

စားစရာများမှာပြီးသောအခါတွင် နွေချိုက

''ခင်မောင်ရင်''

ဟု ခေါ်၏။

ဒေါ်သသံတွေမပါတော့ပဲ ခပ်အေးအေးဖြစ်နေသည်။ ကြည့်ရတာ ဒေါသပြေသွားပုံရသည်။

''ပြောလေ . . . နွေချို''

''ငါ့ကို ပုံပြောပြပါလား''

''ဖလူး . . . . ဖလူး''

သောက်လက်စအအေးပင် သီးသွားသည်။

အံ့သြကြောက်လန့်သွား၍ ဖြစ်သည်။

''ဘာဖြစ်တာလဲ နင်ကလဲ''

''အ . . . အရမ်းအေးလို့ပါဟ''

ဘာမဆိုင် ညာမဆိုင် အကြောင်းပြချက်တစ်ခုပေးလိုက်ရသည်။ နွေချိုက ဘာမှပြန်မပြော၍ တော်သေးသည်။

သူ့နှုတ်ခမ်းမှာပေနေသော အအေးများကို ကမန်းကတန်း သုတ်လိုက်ရသည်။

နွေချို့ကို သူမယုံရဲပါ။ မထင်ရင် မထင်သလို စကားဖြင့်



ထိုးနှက်တတ်သောကြောင့် ဖြစ်ပါသည်။

''ပြောပြမှာလား''

''အင်း''

ဟုသာ ပြောလိုက်ရသည်။ ခေါင်းထဲမှာတော့ သူမကို ဘာပုံပြင် ပြောရင်ကောင်းမလဲဟု စဉ်းစားနေမိသည်။

အဘိုးကြီး၊ အဘွားကြီး၊ ညီအစ်မသုံးဖော် . . စသည်ဖြင့် အစုံ အလင်တွေးမိနေ၏။

''ဒါဆို ပြောပြဟာ''

''အေး''

''ပြီးတော့ နင့်ပုံပြင်ထဲမှာ ဘုရင်ကြီးတစ်ပါးပါပလေ့စေဟာ''

''အေး''

ဇာတ်လမ်းကတော့ စလာပြီဟု သိလိုက်သည်။

''နောက်ပြီး . . . ရမ်ဘိုကိုင်တဲ့သေနတ်လည်း ထည့်ဟာ''

''ဟင်''

''နေဦး . . . နေဦး ကျန်သေးတယ်၊ ဘာလဲ . . . မေ့တောင်မေ့ နေပြီ . . သြော် . . သိပြီ၊ 'ရွှီ' . . . မြားဖြင့်ပစ်လိုက်၏။ 'ဒုတ် . . ဒုတ်' လိုရာပစ်မှတ်တွင် စိုက်သွားလေ၏။ အဲ . . အဲဒီအသံလေးပါထည့်ဟာ နော်''

''အင်း . . . အင်း၊ ထည့်ပေးမယ်''

သူမက မျက်လုံးလေးကလယ်ကလယ်နှင့် စဉ်းစားလိုက်၊ ပြော လိုက်လုပ်နေ၏။

သူ့မှာသာ သူမပြောတာတွေပါအောင် ဘယ်လိုပြောရမလဲဟု ခေါင်းတောက်အောင်စဉ်းစားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးနဲ့ အဘွားကြီး၊ ညီအစ်မသုံးဖော်တို့လည်း ဘယ်ရောက်သွားသည် မသိ. . .။

''နောက်ဆုံးအနေနဲ့ဟာ ငါအရမ်းထည့်ချင်တဲ့အချက်လေး ထည့်ပေးဦးနော်. . .နော်လို့''

''အေးပါ၊ ပြောမှာသာ ပြောပါ''

''အင်း . . . ငါက သီချင်းတွေသိပ်ကြိုက်တာဆိုတော့ ပုံပြင်ထဲမှာ MP 4 သီချင်းဖွင့်ထည့်ဟာ ထည့်ပေးဟာ''

''ဟာ . . . နင်ကလည်း ဘယ်လို''

''ဘာလဲ မပြောချင်ဘူးပေါ့လေ''

သူ၏စကားဆုံးအောင် မပြောလိုက်ရ. .။ သူမက နှုတ်ခမ်းစူနေပြီ။

တော်တော်ချစ်စရာကောင်းသည်။ မကြုံဘူးလျှင် ယုံမှာမဟုတ်ဘူးဟု တွေးနေမိပြန်သည်။

''ပြောမှာလား''

''အဲ. . . အေး၊ ပြောမှာပေါ့''

ငေးပြီး တွေးနေတာလွန်သွားသောကြောင့် လန့်သွား၏။

ထို့ကြောင့်

တဖက်ပါပုံပြင်ကို အစီအစဉ်မကျပဲ ပြောလိုက်ရသည်။

■

(၁၀)

''တစ်ခါတုန်းက တိုင်းပြည်တစ်ပြည်မှာ ဘုရင်ကြီးတစ်ပါးရှိတယ်''

''အင်း . . . နာမည်က ဘယ်လိုခေါ်လဲ''

''ဘာ''

''သူ့နာမည်၊ ဘုရင်ကြီးနာမည်လေ . . . မဟာ ဘာဖြစ်တယ် ညာဖြစ်တယ်တော့ ရှိရမှာပေါ့''

''ဪ''

သူ အသည်းအသန်စဉ်းစားလိုက်ရသည်။

ထို့နောက် ဦးနှောက်ထဲပေါ်လာရာ နာမည်တစ်ခုပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဗာရာဏသီမင်းတဲ့"

"ထင်တော့ ထင်သားပဲ၊ နင် ဒါပဲပြောလိမ့်မယ်လို့"

"ဘာဖြစ်လို့လဲ"

"သူက နာမည်ကြီးလေဟယ်၊ ဒီတော့ နင်က သူ့ပဲဇာတ်ကောင် လုပ်မှာပေါ့၊ ကဲ... ဆက်ပြောပါဦး"

"အေး... အေး၊ ဆက်ပြောမယ်၊ အဲဒီဘုရင်ကြီးဟာ နယ်နယ် ရရ ဘုရင်ကြီးတော့ မဟုတ်ဘူးဟဲ့"

"သူက နယ်နယ်ရရ မဟုတ်တော့ ပယ်ပယ်နယ်နယ် လုပ်ပြီး ဘာတွေဖြစ်နေလို့တုန်း"

"အဲ"

နွေချိုစကားကြောင့် သူဘာဆက်ပြောရမှန်းမသိဖြစ်သွား သည်။

ထို့နောက် သတိရသွားပြီး

"အဲဒီဘုရင်ကြီးက တိုင်းပြည်အားလုံးရဲ့ဘုရင်ပေါ့ဟာ ... ဘာတဲ့ ... ဘယ်လိုပြောရမလဲ"

စကားလုံးတစ်ခုကို မေ့နေသည်။ စဉ်းစား၏။ မရ။

နွေချိုက စိတ်မရှည်တော့ဘဲ ...

"ခုနစ်ပြည်ထောင်မင်းတို့ရဲ့ ကေရာဇ်၊ ခုနစ်ပြည်ထောင်မင်း တို့ရဲ့ကေရာဇ် ... တကတည်း ပုံပြောနေပြီး ဒါလေးတောင် မသိဘူး"

"အေး ... ဟုတ်တယ်၊ ငါမေ့နေလို့"

"ဆက်ပြော ဆက်ပြော"

နွေချိုက သူ့ပုံပြင်ကို စိတ်ဝင်တစားနှင့် အမှန်အကန်နား ထောင်နေလေ၏။



သူလည်း အားတက်သွားပြီး

"တစ်နေ့ သူ့လက်အောက်တိုင်းပြည်တစ်ခုက သူ့ကိုပုန်ကန် လေရော"

"ဟေဟေ့ ... ဇာတ်ကြမ်းလေးပါလာပြီ"

"ဒီတော့ သူက အဲဒီတိုင်းပြည်ကို နှိမ်နင်းရတော့မယ်လေ။ ဒါကြောင့် သူ့မှူးမတ်တွေကို သူက ပြောလိုက်တယ်"

"မင်းကြီးများပေါ့"

"အေး ... ဘုရားတဲ့"

"ဘာဆက်ပြောတုန်း"

"အဲ... ဟို၊ ငါ့ရဲ့စတင်းဂန်း သေနတ်ထုတ်စမ်းလို့ ပြော လိုက်တယ်"

"ဟုတ်ပြီ ... ရမ်ဘိုသေနတ်ပါပြီ"

တကယ်ပဲ သူမမှာဒေါသများကို မေ့သွားပြီး ပျော်နေပုံရသည်။

သူလည်းပြောရင်း ပြောရင်းနှင့်ပင် အားပါလာ၏။ နွေချိုနှင့် စကားပြောနေရတာကိုပင် သူ့အတွက် အားတစ်ခုလိုဖြစ်နေသည်။

"အဲဒီလိုနဲ့ စစ်သွားတိုက်တာပေါ့ဟယ်၊ ဟိုရောက်တော့ ရန်သူ တွေနဲ့တွေ့တယ်"

"သူက တစ်ဖက်ဘုရင်ကို သူ့ရဲ့ စတင်းဂန်းကြီးနဲ့ မပစ် ဘူးလား"

တွေးကြည့်ရုံနှင့်ပင် တော်တော်ကိုးရိုးကားရားနိုင်သည်။

ဘုရင်ဝတ်စုံကြီးနဲ့ စတင်းဂန်းသေနတ်ကြီးကိုင်လို့...။

ဒါတောင်... ဒက်... ဒက်... ဒက်လို့ မြည်အောင် မပစ်ရ သေးဘူး။

www.burmeseclassic.com

www.burmeseclassic.com



"သူ ပစ်မလို့ချိန်လိုက်တုန်းမှာပဲ တစ်ဖက်ဘုရင်ကြီးက မြင်းသွားပြီး သူ့ကိုမြားနဲ့အရင် ပစ်လိုက်ရော"

"အဲ"

"ရှိုး"

"... ...."

"မြားဖြင့် ပစ်လိုက်၏"

"အို"

"ဒုတ်"

"..."

"ဒုတ်"

"လိုရာပစ်မှတ်တွင် စိုက်သွား၏"

"ဟင်း... စတင်းဂန်းဘုရင်ကြီး သေသွားပြီလား"

"ဘယ်သေမတုန်းဟ သူ့မှာ ဒိုင်းပါတယ်လေ"

"အမလေး... တော်ပါသေးရဲ့"

နွေချိုက ရင်ဘတ်လေးဖိပြီးပြော၏။

မျက်လုံးထဲမှာလည်း မြင်ကြည့်နေပုံရသည်။

တစ်ဖက်က စတင်းဂန်း၊ တစ်ဖက်က ဒိုင်းနှင့်...။

"အဲဒီမှာ စစ်ပွဲက ပြီးသွားရောဟဲ့"

"ဟင်း... နင့်ဟာကလည်း မြန်လိုက်တာ၊ ငါတို့ ဘုရင်ကြီးကို အူဇီသေနတ်လေးတွေ ဘာတွေပေးကိုင်ဖို့ အချိန်တောင်မရှိတော့ဘူး"

"စစ်ပွဲက ပြီးသွားပြီလေ၊ သူတို့နိုင်သွားတယ်"

"ထားလိုက်ပါတော့... ဆက်ပြောပါဦး"

"သူတို့ အောင်ပွဲခံကြတယ်လေ"



"အေး... ဘယ်လို အောင်ပွဲခံကြတာလဲ"

"တခြား လူတွေကတော့ ရိုးရိုးတန်းတန်း အရက်သောက်ကြ ဘာကြပေါ့"

"ငါတို့ ဘုရင်ကြီးကတော့ တစ်မူကွဲပြားတယ်"

"သူက ဘာလုပ်လို့လဲ"

"MP 4 နားထောင်နေတယ်လေ"

"အဲ"

သူ့စကားနှင့်သူ အငိုက်မိသွားသည်။

နွေချိုက မေးသည်။

"ပုံပြင်က ပြီးသွားပြီလား"

"အင်း... ပြီးသွားပြီ၊ နင်ပြောတာတွေ အကုန်ပါတယ်လေ ဟာ"

"အေးပါ... ထားပါတော့၊ ထားပါတော့"

'တော်ပါသေးရဲ့' ဟု ခင်မောင်ရင့်စိတ်ထဲ တွေးလိုက်မိသည်။

နင့်ပုံပြင်က မကောင်းဘူး၊ ဘာဘူး မပြောလို့တော်သေးသည်။

ထို့နောက် နွေချိုသည် ဆိုင်အပြင်ဘက်သို့ ငေးကြည့်နေလေသည်။

ခင်မောင်ရင်ကတော့ နွေချို့မျက်နှာကို ငေးကြည့်လျက်...။

သူပြောခဲ့သော ပုံပြင်ကို တွေးနေတာတော့ မဟုတ်လောက်ဘူးဟု ထင်မိသည်။

သူမသည် ဘယ်အရာမှ မတည်မြဲဟု လက်ခံထားသော ကောင်မလေးများဖြစ်နေမလား။

"ငါ ပြန်မယ်၊ နင်လိုက်မလာနဲ့"

www.burmeseclassic.com

www.burmeseclassic.com



ရှုတ်တရက် ပြောလိုက်သောကြောင့် ခင်မောင်ရင် ကြောင်တောင်တောင်ဖြစ်သွားပြန်သည်။

နွေချိုက မတ်တပ်ရပ်ပြီးဖြစ်နေသည်။

ထို့နောက် သူ့အိတ်လေးကိုကိုင်ကာ ထွက်သွားလေ၏။

သူ့မှာသာ ထုံးစံအတိုင်း ငုတ်တုပ်ကျန်ခဲ့သည်။

သူမသည် ရုတ်ရက်ထလုပ်တတ်သော မိန်းကလေးလည်းဖြစ်ပါသည်။

■

(၁၁)

နွေချိုနှင့်တွေ့ပြီး အိမ်ပြန်ရောက်လာသောအခါတွင် ခင်မောင်ရင်မှာ ကုတင်ပေါ်တွင် မောမောပန်းပန်းနှင့် ပက်လက်လှဲလိုက်တော့၏။

''ဟူး''

လေပူတစ်ချက် မှုတ်ထုတ်လိုက်၏။ သူ နွေချိုနှင့်ပတ်သက်ပြီး ကြေကွဲဝမ်းနည်းနေသည်။

ထိုအချိန်တွင် ခင်မောင်ရင်၏ညီ ပြန်ရောက်လာလေ၏။

''အစ်ကိုကြီး . . ကျွန်တော်ပြန်ရောက်ပြီ''

''အေး . . . အေး၊ ညီလေး''

သူ့ညီမှာ တက္ကသိုလ်တက်ရန်အတွက် အခုမှနယ်က တက်လာသူ တစ်ယောက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘဏ္ဍာသိုလ်တက်ရန်စောင့်ဆိုင်းနေစဉ်ကာလတွင် သင်တန်းများ တက်နေသူဖြစ်သည်။

သူညီသည် သူနှင့်တစ်ခြားစီဖြစ်ပြီး ဉာဏ်လည်းကောင်း၏။ စာလည်း တော်၏။ ခင်မောင်ရင့်မိဘများမှာ နယ်မှဖြစ်ပြီး ရန်ကုန်မှာ ကျောင်းတက်ရန်အတွက် သူညီနှင့် သူမှာ အခန်းတစ်ခုငှားနေကြခြင်း ဖြစ်သည်။

ထိုစဉ် သူညီက အဝတ်အစားလဲပြီး အခန်းထဲသို့ဝင်လာ၏။

"အစ်ကိုကြီး"

"ဟေ"

သူက ကုတင်ပေါ်လှဲနေရင်းမှပြန်ဖြေလိုက်၏။

"ဝမ်းနည်းနေတာလား"

"ဟင်"

သူ့မှာ အံ့သြသွားပြီး သူညီကိုကြည့်ပြီး မေးလိုက်၏။

"ဘာ . . . ဘာဖြစ်လို့လဲ"

"ဩော် . . . ပက်လက်ကြီးဖြစ်နေလို့ပါ"

"ပက်လက်ကြီးဖြစ်တာနဲ့ ငါက ဝမ်းနည်းရရောလား"

"မသိဘူးလေ၊ မြန်မာစကားမှာ 'ဝမ်းနည်းပက်လက်' ဆိုတာ ရှိတယ်၊ သူ့စကားအရဆိုရင် ဝမ်းနည်းရင် ပက်လက်ကြီးဖြစ်တဲ့သဘော ရှိတယ်လို့ထင်မိပြီး ပြောကြည့်တာပါ . . . ဟဲ ဟဲ"

ခင်မောင်ရင် ဘာမှပြန်မပြောတော့ . . .။

သူညီစကားက အခြေအနေတစ်ရပ်ကိုမှန်နေတာကြောင့် ပြန် မပြောလိုက်ခြင်းဖြစ်သည်။

သူညီက သူ့ဘေးနားမှာ ဝင်ထိုင်ကာ



"ဒီနေ့ သင်တန်းဆရာပြောပြတဲ့ ပုံပြင်ကိုသိပ်ကြိုက်တယ် အစ်ကိုကြီး"

"ပုံပြင်"

သူ သံယောင်လိုက်၏။ နွေချိုကို ပြောပြလိုက်သည့် ပုံပြင်ကို သတိရလိုက်၍ဖြစ်သည်။

"ပြောပြရမလား"

"အေး . . . ပြောပြကွာ"

သူညီက ထိုသို့သောအကြောင်းအရာလေးများကြားလာလျှင် သူ့ကို လာလာပြီးပြောပြတတ်သည်။

သူလည်း ပျင်းနေတာနဲ့ နားထောင်နေလိုက်၏။

"တစ်ခါတုန်းက လိပ်မိသားစုတစ်စုဟာ ပျော်ပွဲစားထွက်ဖို့ ပြင်ဆင်ကြတယ်တဲ့"

"အင်း"

"သူတို့တွေက လိပ်မျိုးတွေဆိုတော့ အစ်ကိုကြီးရယ်၊ နှေးနှေး လုပ်တတ်တာပေါ့၊ အဲဒါနဲ့ သူတို့ဟာ ပျော်ပွဲစားထွက်ဖို့ပြင်ဆင်တာ (၇)နှစ်ကြာသွားတယ်"

"ခုနစ်နှစ်"

"ဟုတ်တယ်၊ လိပ်မျိုးကိုး . . အဲ နောက်ဆုံးတော့ လိပ်မိသားစု က အိမ်ကထွက်ပြီး ပျော်ပွဲစားအတွက် သင့်တော်မယ့်နေရာကို လိုက် ရှာကြတာပေါ့"

"အင်း"

"အိမ်ကထွက်လာပြီး (၂)နှစ်နေမှ သူတို့ရဲ့ပျော်ပွဲစားရမယ့် နေရာကို ရှာတွေ့တယ်"

www.burmeseclassic.com

www.burmeseclassic.com



သူနားထောင်ရတာပျော်လာသည်။ ထိုလိပ်မိသားစုကို ရယ်လည်းရယ်ချင်လာ၏။

သူညီက ဆက်ပြော၏။

''အဲဒီနေရာမှာ ပျော်ပွဲစားဖို့အတွက် သန့်ရှင်းရေးလုပ်၊ စားစရာတွေ ခြင်းတောင်းထဲက ထုတ်. . . စတာတွေကိုလုပ်တာ (၆)လ ထပ်ကြာရော''

''အဟိုး . . . အကြာကြီးပဲနော်''

''အင်း . . . ဟုတ်တယ်၊ နောက်ဆုံး အားလုံးပြီးစီးသွားတဲ့ အချိန်ကျမှ သူတို့မှာ ဆားမပါလာဘူးဆိုတာ သိလိုက်ရတယ်''

''အဲဒီတော့''

''အဲဒီတော့ ဆားမပါတဲ့ ပျော်ပွဲစားဟာ ဘယ်လိုမှကောင်းနိုင်မှာမဟုတ်ဘူးလို့ သူတို့က ထင်ကြတယ်။ ဒါကြောင့် သူတို့မိသားစုဟာ အဲဒီကိစ္စကို အကြာကြီးဆွေးနွေးပြီး၊ နောက်ဆုံး မိသားစုထဲမှာ အမြန်ဆုံးသားလေးဖြစ်တဲ့ အငယ်ဆုံးလိပ်ကလေးကို အိမ်မှာ ဆားပြန်ယူဖို့ ရွေးချယ်တာဝန်ပေးလိုက်ကြတယ်''

''သူကရော သဘောတူလား''

''ငိုတာပေါ့၊ သူပြန်မယူချင်ဘူး ဘာဘူးပေါ့၊ ဒါပေမဲ့ နောက်ဆုံးမိသားစုစကားကို မလွန်ဆန်နိုင်တော့ သူသွားယူမယ်လို့ဆုံးဖြတ်လိုက်တယ်။ ဒါပေမဲ့ သူက အားလုံးကို ကတိတစ်ခုတောင်းတယ်''

''ဘာကတိလဲ''

''သူ ပြန်မရောက်မချင်း အစားအသောက်တွေကို မစားပါဘူးဆိုတဲ့ ကတိပါ''

''ဪ . . . အားလုံးက ကတိပေးလိုက်လား''



''ပေးလိုက်တယ်၊ သူပြန်မလာမချင်း အစားအသောက်တွေကို မစားပါဘူးပေါ့''

''ဆက်ပါဦး၊ စိတ်ဝင်စားလာပြီ''

''အဲဒီလိုနဲ့ . . . သုံးနှစ်ကြာတဲ့အထိ လိပ်ကလေးက ပြန်မရောက်ဘူး''

''အင်း''

''ငါးနှစ်၊ ခြောက်နှစ် . . . ခုနစ်နှစ်မြောက်တဲ့အထိ လိပ်ကလေးက ပြန်မရောက်လာဘူးဖြစ်နေတယ်။ အဲဒီမှာ သူတို့အထဲက အသက်အကြီးဆုံးဖြစ်တဲ့ လိပ်ကြီးက ဗိုက်ဆာတဲ့ဒဏ်ကို မခံနိုင်ရှာတော့ဘူး။ ဒါကြောင့် သူတော့စားတော့မယ်လို့ပြောပြီး အသားညှပ်ပေါင်မုန့်ထုပ်ကို ဖွင့်လိုက်တယ်။ အဲဒီမှာပဲ လိပ်ကလေးက သစ်ပင်နောက်ကနေ ရုတ်တရက်ထွက်လာပြီး အော်ပြောလိုက်တယ်''

''ဘာပြောလိုက်တာလဲ''

''တွေ့လား . . . သားကို စောင့်ကြမှာမဟုတ်ဘူးဆိုတာ သိသားပဲ၊ တော်ပြီ . . . ဆားသွားမယူတော့ဘူးတဲ့''

''အဲ''

ထို့နောက် ခင်မောင်ရင် လိပ်ကလေးကိုသဘောကျ၍ အဆက်မပြတ်ရယ်လိုက်လေ၏။ ထိုစဉ် သူညီက စကားဆက်ပြော၏။

''အဲဒီမှာ ဆရာက စကားတစ်ခွန်းပြောတယ်''

''ဘာတဲ့လဲ''

''ဒီပုံပြင်ထဲကလိုပဲတဲ့''

''အင်း''

www.burmeseclassic.com

www.burmeseclassic.com



"လူတချို့ဟာ တစ်ခြားလူတွေကို ကိုယ်မျှော်လင့်ထား သလိုလုပ်ပေးဖို့ စောင့်မျှော်ရင်းနဲ့ပဲ ကိုယ့်အချိန်တွေကို ဖြုန်းပစ် တတ်ကြတယ်တဲ့၊ သူများတွေ ဘာလုပ်သလဲဆိုတာကို အလေး ထား စိတ်ဝင်စားနေရတာနဲ့ပဲ ကိုယ့်အတွက်တောင် ဘာမှမလုပ် ဖြစ်လိုက်ကြဘူးတဲ့"

"ဟင်"

ခင်မောင်ရင်သည် သူ့ညီဆရာ၏ စကားကို သဘောကျသွား သည်။

သူ့ညီက ပုံပြင်ပြီးသွား၍ ထိုင်နေရာမှထလိုက်သည်။

"အစ်ကိုကြီးလည်း အိပ်တော့လေ၊ ကျွန်တော်ကတော့ စာဖတ် လိုက်ဦးမယ်"

"အေး"

သူ့ညီသည် သူ့အခန်းထဲမှ ထွက်သွား၏။

ခင်မောင်ရင်မှာ အချန်အတော်ကြာသည်အထိ ငြိမ်သက်မိ နေဆဲဖြစ်သည်။

ထို့နောက်စားပွဲပေါ်မှ ဒိုင်ယာရီစာအုပ်ကိုလှမ်းယူလိုက်ကာ ဒိုင်ယာရီရေးရန်အတွက် စလိုက်၏။

နွေချို . . .

ဒီနေ့ နှင့်ဆီက ပြန်လာတော့ ငါ့ညီက ငါ့ကို ပုံပြင် တစ်ပုဒ်ပြောပြတယ် သိလား . . .

ဟု ဆိုပြီး ဒိုင်ယာရီအား စရေးလိုက်၏။

■

ပြည့်ဖောင်း
တင်းရစ်
နုအိ
ထွက်နေတဲ့
မင်းရဲ့အလှနဲ့
ပိန်ကောက်
လိမ်ရစ်
ပျော့စိ
ဖတ်နေတဲ့
ကိုယ်ရဲ့ဘဝတို့
ဘယ်လိုမှ
မလိုက်ဖက်ပါဘူးကွယ် . . . .

www.burmeseclassic.com

www.burmeseclassic.com

## (၁၂)

"နင် ငါ့ကို တကယ်ချစ်တာလား"

ခင်မောင်ရင် ကင်တင်းတန်းထဲသို့အဝင်တွင် ကင်းတင်းတစ်ခုထဲ၌ တစ်ယောက်တည်းထိုင်နေသော နွေချိုက လှမ်းခေါ်သည်။

ထိုင်ပြီး ခဏပဲရှိသေးသည်။ နွေချိုက အထက်ပါမေးခွန်းကို ဆိုင်းမဆင့်ဗုံမဆင့်ပဲ မေးလိုက်၏။

ရုတ်တရက်ဆိုတော့ ခင်မောင်ရင်မှာ အိုးတိုးအမ်းတမ်းဖြစ်သွားသည်။

နွေချိုမေးလျှင် နောက်က အကြောင်းအရာတို့က တသီတတန်းကြီးပါတော့မည်ဟု ရိပ်မိလိုက်သည်။

"ဖြေလေဟာ ငါမေးနေတာ"



"ငါ . . . ငါ သိပ်ချစ်တာပေါ့"

နွေချို ကျေနပ်သွားပုံရသည်။ ထို့နောက် ပြုံးလိုက်ပြီး

"ဒါဆို . . ."

"ဟင်"

သူ လန့်နေပြီဖြစ်သည်။

"ဘာဖြစ်နေတာလဲ၊ ပြောတောင် မပြောရသေးဘူး"

"ဘာ . . . ဘာမှ မဟုတ်ပါဘူး"

"ကဲ . . . ဒါဆို သေချာနားထောင်"

"အင်း"

"အခုတလော ငါချဉ်ခြင်းတစ်ခုဖြစ်နေတယ်"

"ဘာချဉ်ခြင်းလဲ"

"ငါ့ကို ကောင်လေးတစ်ယောက်က ရည်းစားစာပေးစေချင်နေတယ်"

"အို"

ခင်မောင်ရင် မျက်လုံးဝိုင်းသွားသည်။

နွေချိုကိုလည်း သေချာကြည့်မိသည်။ သူမက ဆက်ပြောသည်။

"ဒါပေမဲ့ ငါ့ကိုပေးတဲ့ ရည်းစားစာမှာ ရိုးရိုးတံဆိပ်ခေါင်းမကပ်ဘဲနဲ့ အချစ်နဲ့ပတ်သက်တဲ့ တံခေါင်းပဲကပ်ရမယ်။ အချစ်တံဆိပ်ခေါင်းပေါ့ဟယ်"

"အချစ်တံဆိပ်ခေါင်းက ရှိလို့လား"

"ရှာကြည့်ပေါ့"

"**အဲဒါ နင် အဲဒီတံဆိပ်ခေါင်းကပ်ပြီး ငါ့ကို ရည်းစားစာပေး ဒါပဲ**"

www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်ရင်မှာ သူ့ခေါင်းကို သူ အဆက်မပြတ်ကုတ်နေမိသည်။

အချစ်တံဆိပ်ခေါင်းတဲ့ . . .။

အဲဒီ တံဆိပ်ခေါင်းကပ်ပြီး ရည်းစားစာပေးရင် နင် ငါ့ကို ပြန်ချစ်မှာလားလို့ မေးလိုက်ချင်သည်။

သို့သော် ထုံးစံအတိုင်း နွေချို့ကို မမေးရဲ . . .။

"ပေးမှာလား၊ မပေးဘူးလား"

"ဟို . . . ဟို ငါကြိုးစားကြည့်ပါ့မယ်ဟာနော်"

"အင်း . . . ကောင်းပြီလေ၊ ဘယ်နှရက်အချိန်ယူမှာလဲ"

"တစ်ပတ်လောက်"

"မရဘူး၊ သုံးရက်ပဲယူ . . . ဒါပဲ"

ဟု ဆိုကာ သူစားထားသမျှ မုန့်တွေအတွက် ငွေရှင်းကာ ထွက်သွားလေ၏။

သူကတော့ အောင်နိုင်သူကြီးလို ပုံစံနှင့်ပေါ့ . . .။

ကျန်ခဲ့သူမှာသာ ငိုချင်းချလို့မပြီးနိုင်တဲ့ တေးသမားတစ်ယောက်လိုဖြစ်ကျန်ခဲ့သည်။

နွေချိုရယ် . . .

ငါ့ရင်မှာ နင့်အတွက်ဆိုရင် ဘာပဲလုပ်ရလုပ်ရပါ။

နင်လိုအပ်တဲ့ အချိန်အတိုင်း ငါ့ကို သတိရနေရင်တော်ပါပြီ။

■

(၁၃)

"ဟာ . . . အဲဒီတံဆိပ်ခေါင်းတော့ ငါလည်း မသိဘူးကွ"

"စဉ်းစားကြည့်ပါဦးကွာ၊ မင်းက နံ့စပ်တော့ သိများသိမလား ဆိုပြီး လာမေးကြည့်တာပါ"

ခင်မောင်ရင်က စားပွဲထိုးလေးကို ဝမ်းတီးဟု လှမ်းအော်လိုက်သည်။

ဆေးလိပ်ရောချဟု ထပ်အော်လိုက်သေး၏။

ကျောင်း၌ နံ့နံ့စပ်စပ်သိသော သူငယ်ချင်းတစ်ယောက်အား အချစ်တံဆိပ်ခေါင်းကိစ္စမေးနေခြင်းဖြစ်သည်။

သူငယ်ချင်းမှာ ခေါင်းကုတ်လိုက် စဉ်းစားလိုက်လုပ်နေသည်။

"အင်း . . . ငါတော့ တကယ်မသိဘူးကွ၊ ဒါပေမဲ့ ငါနံ့သိတဲ့

www.burmeseclassic.com

www.burmeseclassic.com



ခပ်ဆန်းဆန်း ဒီဖိုင်းဆရာကြီးတော့ရှိတယ်။ သူက တံဆိပ်ခေါင်းဝါသနာပါတယ်လို့တော့ တစ်ခါပြောဖူးတာကြားတာပဲ''

''ဟာ. . ဒါဆိုလုပ်ကွာ၊ သူ့လိပ်စာပေး. . ငါသွားလိုက်မယ်''

''သူက လူ့ဌစာကြီးကွ''

''ဘာပဲဖြစ်ဖြစ်ကွာ၊ ငါကြည့်ပြီးမေးပါ့မယ်''

''ဒါဆိုလည်းပြီးရော ငါလိပ်စာပေးလိုက်မယ်''

ဤသို့ဖြင့် ဇော်ဒီဖိုင်းဆရာကြီးဆီသို့ ထွက်လာခဲ့လိုက်သည်။

■

BURMESE CLASSIC .com

(၁၄)

လိပ်စာအရ ဒီအိမ်ပဲဟု သိလိုက်သည်။ မည်သို့ဆိုသော် ဒီဖိုင်းဆရာအိမ်မှန်း သိသာသောကြောင့် ဖြစ်သည်။


အိမ်ခြံဝန်းသည် ရိုးရိုးရှင်းရှင်းနှင့်ဖြစ်ကာ သစ်ပင်အချို့ကိုလည်း ခပ်ဆန်းဆန်းပုံစံဖြစ်အောင် ရိတ်ဖြတ်ထား၏။

ထို့ပြင် ထူးခြားသည်မှာ ခြံထဲတွင် ဘောင်းဘီယည့်ကျေးမှု စီးဆင်းပုံကို တစ်ဖက်ပါအတိုင်း တိုင်စိုက်ကာ လုပ်ဆောင်ထားသည်ကိုလည်း တွေ့ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com






ထိုသို့ ပြုလုပ်ထားသော ဒီဖိုင်းရှေ့တွင်ရပ်ကာ အတန်ကြာသည်အထိ ကြည့်မိနေသေး၏။

စိတ်ကူးကို သဘောကျ၍ ဖြစ်သည်။

ခေတ်အလိုက် ဘောင်းဘီဝတ်ခြင်း ပုံစံပြောင်းလဲလာသည်ကို ပြထားခြင်းဖြစ်သည်။

စိတ်ထဲတွင် ပြုံးစိစိလည်း ဖြစ်မိ၏။

"ဘယ်သူလဲဟေ့"

အထဲမှ လူကြီးတစ်ယောက်လှမ်းအော်သံကို ကြားလိုက်ရ၏။

ထို့ကြောင့် အိမ်ထဲသို့ဝင်လိုက်သောအခါတွင် လူကြီးတစ်ယောက်သည် ဒီဖိုင်းဆွဲလက်စတန်းလန်းမှ သူ့ကိုလှမ်းကြည့်နေသည်ကို တွေ့လိုက်ရ၏။

သူ့ပုံစံမှာ တစ်စုံတစ်ခုအား အလိုမကျ၍ ဒေါသထွက်နေပုံပေါက်သည်။

"ဘယ်သူလဲကွ"

"ကျွန်တော် ....ရဲ့ သူငယ်ချင်းပါ"

ဒီဖိုင်းဆရာက မျက်မှောင်ကြုတ်ပြီး စဉ်းစားနေသည်။

မှတ်မိလား၊ မမှတ်မိလားမသိ၊ သူဒီဖိုင်းဆွဲထားသည့် ဘုတ်ပြားကိုပဲ ပြန်ကြည့်ကာ ခေါင်းတဆတ်ဆတ်ညိတ်နေ၏။



သူ့ကိုလည်း ဘာမှပြန်မပြော..။

သူ့ဒီဖိုင်းကို သေချာကြည့်လိုက်...ခေါင်းကုတ်လိုက်နှင့် လုပ်နေသည်။

စက္ကန့်အနည်းငယ်ကြာသွားသည်။

သူလည်း ဘာပြောလို့ပြောရမှန်း မသိဖြစ်ကာ ဒီဖိုင်းဆရာ၏ ဆွဲလက်စ ဒီဖိုင်းဘုတ်ကိုကြည့်လိုက်၏။

"ငါ...စားနေတာကွ"

"ဟင်"

ရုတ်တရက်ပြောချလိုက်သော ဒီဖိုင်းဆရာကြီး၏စကားကို နားမလည်ချေ။

"ခေါင်းစား နေတာလို့ ပြောတာကွ၊ မင်းကလဲ"

သူ့ကိုနာမည်မမေး ဘာမမေး၊ ဘာကိစ္စလဲ မမေးဘဲနှင့် လူရင်းတစ်ယောက်လိုစကားပြောနေသည်။

ဒါကို သူတို့ရဲ့ အနုပညာလို့ခေါ်တာလားဆိုတာ သူမသိချေ။

"ဘာတွေ ခေါင်းစားနေတာလဲ"

ဟု ခင်မောင်ရင်က မေးလိုက်သည်။

"ဒီပုံလေကွာ၊ ဒီပုံကိုကြည့်ပါလား"

ဒီဖိုင်းဆရာက သူ့ရှေ့မှ ဒီဖိုင်းဘုတ်ကြီးအား ထိုးပြသည်။


သူလည်း အူကြောင်ကြောင်နှင့် ကြည့်လိုက်ရသည်။

ဘုတ်ပေါ်တွင် ကာတွန်းရုပ်ပုံနှစ်ခု ဆွဲထားသော တစ်ဝက်အပိုင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com





''အဲဒီပုံတွေက ဘာဖြစ်လို့လဲဟင်''

ဟု သူက မေးလိုက်သည်။

ဒီဇိုင်းဆရာကလည်း ဘယ်တုန်းကတည်းက စကားပြောဖော် ရှာနေသည်မသိ။ သေချာရှင်းပြလေတော့၏။

''ငါ့ကို ဝတ္ထုတစ်အုပ်ရဲ့ မျက်နှာဖုံးဒီဇိုင်း လာအပ်တယ်ကွ''

''အင်း''

''ဒီဇိုင်းလာအပ်တဲ့လူက သူလိုချင်တဲ့အကြောင်းအရာလေး တွေပြောသွားတယ်''

''ဘာပြောသွားတာလဲ''

''ကောင်လေးနဲ့ ကောင်မလေးကို ကာတွန်းပုံလေးနဲ့ ပုံဖော် ချင်တယ်။ ပြီးတော့ ကောင်လေးက ကောင်မလေးကို ရည်းစားစကား ပြောကြောင်းပေါ်လွင်ရမယ်။ နောက်ဆုံးအချက်က အဲဒီရည်းစားစကား



ကို စကားနဲ့ပုံမဖော်ရဘူး၊ အဲဒီပုံကို ကြည့်တဲ့လူက ကောင်လေးရည်းစား စကားပြောတယ်ဆိုတာကို တန်းသိရမယ်တဲ့ကွာ။ အဲဒါ ငါစားနေတာပေါ့''

ဒီဇိုင်းဆရာကြီးမှာ တော်တော်ရှင်းပြလိုက်၍ မောသွားဟန် တူသည်။ ရေထသောက်လေ၏။


သူ့ကိုတော့ သောက်ပါဦးလားဟု တစ်ခွန်းမှ မပြောချေ။

သူလည်း ဒီဇိုင်းဆရာကြီးဆွဲထားသော ဒီဇိုင်းအား တစ်ခေါက် ထပ်ကြည့်လိုက်၏။

ပုံကိုကြည့်ပြီးနောက် ဒီဇိုင်းဆရာကြီးကို အကဲခတ်လိုက်ပြန် ၏။ ဒီဇိုင်းဆရာကြီးက ရေခွက်နှင့် ရေမော့သောက်နေ၏။

ဒီဇိုင်းဆရာကြီးကိုကြည့်ပြီး သူတစ်စုံတစ်ခု သတိရသွားသည်။

ထို့ကြောင့် ဘာရယ်ညာရယ်မဟုတ်ဘဲ ဘေးနားမှာ ခဲတံတစ် ချောင်းယူလိုက်ကာ ဒီဇိုင်းဆရာကြီးပုံအား အောက်ပါအတိုင်းထပ်ဖြည့် လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



''ဟင်''

ဒီဖိုင်းဆရာကြီး၏အသံကြောင့် သူလှည့်ကြည့်မိလိုက်သည်။

သူဆက်ဆွဲထားသော ပုံကိုကြည့်ပြီး အံ့ဩမှင်သက်နေသည်။

သူနည်းနည်းတွန့်သွားပြီး ခဲတံကို အသာအယာပြန်ချလိုက်သည်။

''ဟို . . . ဟို ကျွန်တော်လည်း ဦး . . . ရေသောက်နေတာကို ကြည့်ပြီး စိတ်ကူးရတာနဲ့''

''မင်းတော်တယ် ကောင်လေး၊ မင်း တော်တယ်''

ဒီဖိုင်းဆရာကြီး၏မျက်နှာသည် စောစောကလိုမဟုတ်တော့ဘဲ ဝင်းပသွား၏။

ဒီဖိုင်းဆရာကြီးကပင် ချီးကျူးနေ၍ သူဆက်ဆွဲထားသော ပုံအား ထပ်ကြည့်မိလိုက်၏။

မဆိုးဘူးဟ . . .။ ဒီဖိုင်းအပ်တဲ့လူပြောသွားတဲ့ အချက်အလက်တွေနဲ့ လိုက်သားပဲဟု ကိုယ့်ကိုကိုယ်ပြောနေမိ၏။

''အင်း . . . ကွက်တိပဲ''

ဒီဖိုင်းဆရာကြီးက ရေရွတ်ပြန်သည်။

ပြီး . . . သူ့ကိုတစ်ချက်ကြည့်၏။ ထို့နောက် သူ့ခုံတွင် ဝင်ထိုင်ကာ ပုံအား အနည်းငယ်လက်စသတ်လိုက်၏။

''အံမယ် . . . အခုမှပဲ ရင်အေးတော့တယ်''

ဒီဖိုင်းဆရာကြီးက ထိုသို့ပြောပြီးနောက် သူ့ကိုလှည့်ကြည့်သည်။

''ကဲ . . . မင်းလာရင်းကိစ္စကို ပြောပါဦး''

ဟု မေးလေ၏။

ခင်မောင်ရင်သည် အခုမှစိတ်အေးနိုင်ပြီး လာရင်းကိစ္စကို ပြောပြနိုင်တော့သည်။



သူရှင်းပြနေသည်ကို ဒီဖိုင်းဆရာကြီးက သေချာနားထောင်နေ၏။ သူရှင်းပြပြီးသောအခါတွင် ဒီဖိုင်းဆရာကြီးက သက်ပြင်းချသည်။

''ငါ ဘယ်လိုပြောရမှန်းတောင် မသိပါဘူးကွာ''

''ဗျာ . . . ဘာဖြစ်လို့လဲ''

သူစိုးရိမ်သွားသည်။

''အရင်တုန်းက ငါတံဆိပ်ခေါင်းစုတာ အရမ်းဝါသနာပါတာပေါ့''

''ဟုတ်ကဲ့''

''တစ်နေ့ ငါ့မိန်းမနဲ့ ရန်ဖြစ်တယ်''

ဒီဖိုင်းဆရာကြီးက ကြေကြေကွဲကွဲလေးဆိုသည်။

ခင်မောင်ရင်မှာ ဘာမှပြန်မပြောနိုင်ဘဲ ဒီဖိုင်းဆရာကြီးကိုသာ မျက်လုံးလေးအဝေးသားနှင့်ကြည့်နေရ၏။

ဒီဖိုင်းဆရာကြီးက ဆက်ပြောသည်။

''အဲဒီမှာ ငါ့မိန်းမက ဒေါသထွက်လာပြီး ငါ့ကိုတွေ့ရာပစ္စည်းတွေနဲ့ ကောက်ပေါက်ရော''

''အဲ''

''ငါကလည်း ရှောင်တာပေါ့''

အရေးထဲ ဒီဖိုင်းဆရာကြီက မျက်ရည်လေး စမ်းတာင်းစမ်းတမ်းဖြစ်ကာ အက်ရှင်လေးကလည်း ပါလာသေး၏။

''ဟုတ်ကဲ့ . . ပြော . . ပြောပါဦး''

''တစ်ခါတော့ ငါ့ကိုပစ္စည်းတစ်ခုနဲ့ ကောက်ပေါက်တယ်။ ငါ့ရဲ့ တံဆိပ်ခေါင်းကပ်ထားတဲ့ စာအုပ်ကြီးနဲ့ပေါ့ကွာ''

www.burmeseclassic.com

www.burmeseclassic.com



''ဟင်''

''ပိုဆိုးတာက ငါ့ရဲ့ဆေးပုံးထဲကိုကျသွားတာပဲ ... အိ''

ငိုချလိုက်လေတော့၏။

တော်တော်လည်း ခံစားနေပုံရသည်။

ခင်မောင်ရင်ကလည်း 'ငိုနဲ့ ... ငိုနဲ့'လုပ်ရတော့မလိုလို၊ ကံ တရားအတိုင်းပါပဲ ဦးရယ်'လို့ ပြောရမလိုလိုဖြစ်သွားသည်။

အဲဒီလိုနဲ့ ငါ့မိန်းမနဲ့လည်းကွဲ၊ ငါလည်း တံဆိပ်ခေါင်းစုတာ စွန့်လွှတ်ဖြစ်သွားတာပေါ့ကွာ''

သူ့မှာလမ်းစပျောက်သွားပြီဟု ခင်မောင်ရင် သိလိုက်သည်။ သို့သော် လမ်းစရလိုရငြား

''ဒါဆို ဘယ်လိုလုပ်ရမလဲဟင်''

ဒီဇိုင်းဆရာကြီးက သူ့မျက်ရည်သုတ်ကာ

''မင်းက အချစ်တံဆိပ်ခေါင်း လိုချင်တာနော်''

''ဟုတ် ... ဟုတ်ကဲ့''

''ဒီနိုင်ငံမှာတော့ မရှိဘူးကွ''

''ဟုတ် ... သိပါတယ် ခင်ဗျာ''

''ငါ့သူငယ်ချင်းတစ်ယောက်ဆီက မှာပေးမယ်ကွာ၊ နှစ်ရက်လောက်စောင့်''

''ဗျာ ... တကယ်လား ဆရာ''

ခင်မောင်ရင်မှာ ဝမ်းသာအားရဖြစ်သွားကာ လူပေါ်တို့ ထုံးစံ အတိုင်း (သို့) ဗီဒီယိုထဲကအတိုင်း 'တကယ်လား ဆရာရယ်၊ ဒါ ... ဒါဆို ကျွန်တော်သေပျော်ပါပြီ'ဟု ဆိုကာ ဒီဇိုင်းဆရာကြီးအား ပြေးဖက် လေ၏။



''ဟ ... ဟော့ကောင်၊ တော် ... တော်ကွာ''

''ကျေးဇူးတင်လို့ပါ ဆရာရယ်''

''အေးပါ၊ မင်းလည်း ငါ့အပေါ်မှာ ကျေးဇူးရှိပါတယ်''

''ဟုတ် ... ဟုတ်ကဲ့၊ ဆရာ့ကျေးဇူးက ပိုကြီးပါတယ် ဆရာ''

ခင်မောင်ရင်မှာ ပျော်လွန်းမက ပျော်နေ၍ လက်ကိုပွတ်ကာ 'အမလေး ... ပျော်လိုက်တာ ... ပျော်လိုက်တာ' လုပ်နေလေ၏။

ဒီဇိုင်းဆရာကြီးလည်း ဘာမှပြန်မပြောတော့ ...။

ဤသို့ဖြင့် နောက်နှစ်ရက်ကြာသောအခါတွင် ဒီဇိုင်းဆရာကြီး ထံမှ တစ်ဖက်ပါ တံဆိပ်ခေါင်းအား ရရှိလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com




ထို့နောက် ခင်မောင်ရင်သည် တစ်ဖက်ပါအတိုင်း စာအိတ်ပေါ်၌ တံဆိပ်ခေါင်းကပ်ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com






ပိုဆိုးသည်မှာ ထိုစာအိတ်ထဲတွင် နွေချိုကို ရည်းစားစာရေးဖို့ကိစ္စပင် ဖြစ်သည်။

သူ ရည်းစားစာ မရေးတတ်။

အခြားသူငယ်ချင်းများအား အကူအညီတောင်းလျှင် ဗိုင်းဟားခံရမှာလည်း စိုးရိမ်ရသေးသည်။

နောက်ဆုံးတော့

သူကိုယ်တိုင်ပဲရေးတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့် ရည်းစားစာရေးရာတွင် စိတ်လက်ကြည်လင်အောင် ညဘက်၌ ဘုန်းကြီးတရားပွဲသွားနားထောင်လိုက်သေး၏။

ဤသို့ဖြင့်

ထိုညတွင်

တစ်ဖက်ပါအတိုင်း နွေချိုကို ရည်းစားစာရေးပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့

နွေချို

ငါ့ဘဝမှာ နင့်ကို ဥပါဒါန်နဲ့ ချစ်ခဲ့တာပါ။ ဒါဟာ ငါ့ရဲ့သစ္စာတရားပါ နွေချို။ ငါ့မှာ နင့်ကို တဏှာဖြစ်ချင်လွန်းလို့ ကမ္ဘာဝလုပ်နေရတယ်။ ဒါကိုလူတွေက 'ငါ နင့်ကို လောဘကြီးလွန်းနေတယ်'လို့ဆိုကြတယ်။ ထားလိုက်ပါ နွေချို . . ။

သူတို့တွေက မောဟဖြစ်နေကြတဲ့ လူတွေပါ။

ငါ သူတို့ကို ဒေါသ မဖြစ်ပါဘူး။

ဒါပေမဲ့ နင့်အချစ်ကိုတော့ ငါတဏှာဖြစ်နေတယ်။

သစ္စာသစ္စာ ကမ္ဘာသကာ

ခင်မောင်ရင်

(၁၅)

ထိုစာပေးပြီး နောက်တစ်ရက်အကြာတွင် ခင်မောင်ရင် စာသင်သည့်အတန်းသို့ နွေချိုရောက်လာလေ၏။

နွေချိုရောက်လာသောအချိန်တွင် ခင်မောင်ရင်သည် အတန်းထဲတွင် စာသင်နေချိန်ဖြစ်သည်။ နွေချိုကို မြင်လိုက်သောအခါ ခင်မောင်ရင် ဆတ်ကနဲတုန်သွား၏။

ထိတ်လန့်တုန်လှုပ်သွားသောကြောင့် ဖြစ်သည်။

ပိုဆိုးသည်မှာ နွေချိုသည် အတန်းအပြင်ကနေ လှမ်းမခေါ်ဘဲ ဆရာမ စာသင်ရာ အတန်းပေါက်ရှေ့၌ရပ်ကာ ဆရာမအား

"ဆရာမ"

ဟု လှမ်းခေါ်လိုက်၏။ ဆရာမက စာသင်နေရင်းမှ လှမ်းကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ပြော. . . သမီး"

နွေချို ဘာလုပ်မည်ကိုသိသောကြောင့် သူ့ကိုယ်လုံးကို အခြား သူများနှင့် ကွယ်ကာပုန်းနေလိုက်၏။

"ကိုခင်မောင်ရင်ဆိုတဲ့ ကျောင်းသားများ ဒီအခန်းမှာရှိလား မသိဘူး ဆရာမ"

နွေချိုက ရုပ်တည်ကြီးနဲ့ ပြောနေသည်။ တကယ်တော့ သူမ သူ့အခန်းကိုသိသည်။

ဆရာမကလည်း ကျောင်းသား ကျောင်းသူများဘက်လှည့် ကာ

"ကဲ. . . ကိုခင်မောင်ရင်တဲ့"

ဆရာမ အပါအဝင်ကျောင်းသား ကျောင်းသူများက ဘာကို ဝိုင်းရယ်မှန်းမသိသော အရယ်မျိုးနှင့် ဝိုင်းရယ်ကြသည်။

ပြီးနောက် ခင်မောင်ရင်ကို ဝိုင်းကြည့်နေကြ၏။

ခင်မောင်ရင်မှာ ရှက်သွားပြီး မျက်နှာကြီးနီရဲလာကာ

"ကျွန်. . . ကျွန်တော်ပါ ဆရာမ"

ဟု ဆိုကာ မတ်တပ်ရပ်လိုက်လေ၏။

"ကဲ . . . ကြွ"

ဆရာမက အလိုက်တသိဖြင့် ပြောသည်။

ခင်မောင်ရင်လည်း ဟိုပစ္စည်းသိမ်း၊ ဒီပစ္စည်းသိမ်းကာ အခန်း အပြင်သို့ ထွက်လိုက်ရ၏။

အားလုံးက ရယ်လက်စတန်းလန်းနှင့် ကျန်ခဲ့သည်။ သူ့မှာသာ ခေါင်းလေးပုကာပုကာနှင့် ထွက်လာခဲ့ရပြီး နွေချိုကိုသာ ကျိန်ဆဲနေမိ တော့သည်။



အခန်းအပြင်ရောက်တော့ နွေချိုမှာ သူဘာမှလုပ်မထားသည့်ပုံစံဖြင့် မှင်သေသေလေးရယ်နေ၏။

ထားလိုက်ပါတော့ နွေချို. . .၊ ငါ့က နင့်ကိုချစ်တာကိုး။

"ဘာ. . . ဘာဖြစ်လို့လဲ နွေချို"

"ငါ. . . နင့်ဆီက ခက်ဆစ်လာတောင်းတာ"

"ဘာ . . . ဘာလာတောင်းတာ"

ခင်မောင်ရင်က နားမလည်စွာနှင့် ပြန်မေးသည်။

"ခက်ဆစ်လေ၊ နင်ပေးလိုက်တဲ့ စာကိုနားမလည်ဘူးဟ၊ အဲဒါအဓိပ္ပာယ်ဖွင့်လို့ရအောင် နင့်ဆီက ခက်ဆစ်လာတောင်းတာ"

နွေချိုက ခပ်တည်တည်နှင့် ပြောနေသည်။ ပြီးနောက်တစ်ခါ တည်း ဆက်ပြော၏။

"ရော့. . . ဒါ နင်ပေးတဲ့စာ၊ အဲဒီစာကို အဓိပ္ပာယ်တွေဖြည့် ပေးပြီးရင် ငါ့လာပြန်ပေး၊ အဲဒါလာပြောတာ"

"ဒါများ နွေချိုရယ်၊ အတန်းပြီးမှ ပြောလည်းရပါတယ်"

"ဟဲ့. . . မစောင့်နိုင်လို့ပေါ့ တကတည်း"

သူ အသာငြိမ်နေလိုက်ရသည်။

နွေချိုက သူ့ကို စာကမ်းပေးပြီးနောက်တွင် ထုံးစံအတိုင်း လှည့်ထွက်သွားပြန်လေ၏။

ဤသို့ဖြင့် ခင်မောင်ရင်မှာ မူလပုံစံရေး အဓိပ္ပာယ်ပါ ပါသည့် စာအား အသစ်တဖန်ပြန်ရေးပေးလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့

နွေချို

ငါ့ဘဝမှာ နင့်ကို စွဲစွဲလမ်းလမ်း (ဉပါဒါန်)နဲ့ ချစ်ခဲ့တာပါ။ ဒါဟာ ငါရဲ့ အမှန် (သစ္စာ) တရားပါ နွေချို။

ငါ့မှာ နင့်ကို လိုချင် (တဏှာ)လွန်းလို့ အားထုတ် (ကမ္မဘဝ) လုပ်နေရတယ်။

ဒါကိုလူတွေက 'ငါ့နင့်ကို လိုချင် (လောဘ)လွန်းအားကြီးဖြစ်နေတယ်'လို့ဆိုကြတယ်။

ထားလိုက်ပါ နွေချို. . . ။

သူတို့တွေက အမှန်ကို မမြင် (မောဟ)ဖြစ်နေကြတဲ့ လူတွေပါ . . . ။

ငါ သူတို့ကို အလိုမကျ (ဒေါသ) မဖြစ်ပါဘူး။

ဒါပေမဲ့ နင့်အချစ်ကိုတော့ ငါ လိုချင် (တဏှာ)နေတယ်။

သတ္တဝါအပေါင်းတို့သည်
ကံတရားအတိုင်းသာ ဖြစ်ကုန်ကြတော့၏။
ခင်မောင်ရင်

နွေချိုသည် ထိုစာကိုဖတ်ပြီးသောအခါတွင်

"ဒီလိုကျတော့လည်း ခင်မောင်ရင်က ဘယ်ဆိုးလို့တုန်း"

ဟုပြောကာ သူရေးထားသည့်စာအား စာအုပ်တစ်ခုတွင် ညှပ်ထားလိုက်လေ၏။

■

## (၁၆)

တစ်နေ့ . . . ခင်မောင်ရင် လမ်းလျှောက်နေတုန်း

"ခင်မောင်ရင်"

သူ့နာမည်ခေါ်သံကြားလိုက်ရ၍ လှည့်ကြည့်လိုက်သည်။

"ဟင်. . . နွေချို"

"နင် ဘယ်သွားမလို့လဲ"

နွေချိုက သူ့ကိုမေးလိုက်၏။

"စာကြည့်တိုက်"

"ငါလည်း လိုက်မယ်ဟာ"

"စာအုပ်ဖတ်မလို့လား"

"မဟုတ်ပါဘူးဟယ်၊ ပျင်းလို့ . . . ပြီးတော့လည်း နင့်ကို

www.burmeseclassic.com

www.burmeseclassic.com



မေးစရာရှိလို့၊ လာ . . . သွားမယ်''

ဟုဆိုပြီး ခင်မောင်ရင့် အရှေ့မှ ထွက်သွားလေ၏။

သူလည်း နွေချို့နောက်မှ ခပ်သွက်သွက်လေးလိုက်သွားလိုက်ရသည်။

စာကြည့်တိုက်ထဲသို့ရောက်သောအခါတွင် နွေချိုက သူ့ဘက်သို့ ရုတ်တရက်လှည့်ကာ

''ရှူး . . . တိုးတိုး''

ဟု နှုတ်ခမ်းပေါ်လက်ညှိုးတင်ကာ တိတ်တိတ်နေပုံစံလုပ်ပြ၏။

သူလည်းကြောင်သွားပြီး

''ဘာ . . . ဘာဖြစ်လို့လဲ''

ဟု လေသံတိုးတိုးလေးဖြင့် မေးလိုက်သည်။

''ဒါစာကြည့်တိုက်ဆိုတာ နင်မသိဘူးလား၊ တိုးတိုးပြော၊ တိုးတိုးနေရမယ်ဆိုတာလေ''

ခင်မောင်ရင်မှာ နွေချို့ သိသိကြီးနှင့် ဆရာကြီးလုပ်သွားတာကိုခံလိုက်ရသည်။

နွေချိုက သူ့ကိုပင် ဂရုမစိုက်ဘဲ လူရှင်းရာထောင့်ခုံတစ်ခုတွင် ဝင်ထိုင်လိုက်၏။

သူလည်း ဖတ်မည့်စာအုပ်တစ်ချို့ကို စိမ်ပြေနပြေရွေးကာ နေလိုက်သည်။

ထို့နောက် စာကြီးပေကြီးများ ဖတ်လေ့မရှိသောကြောင့် မဂ္ဂဇင်းစာအုပ်များယူကာ နွေချိုနှင့် အနီးဆုံးခုံတွင် ဝင်ထိုင်လိုက်၏။

သူ နွေချို့ကိုမကြည့်ဘဲ မဂ္ဂဇင်းစာအုပ်ကိုသာ သည်းကြီးမည်းကြီးဖတ်နေလိုက်သည်။



ခဏကြာတော့ နွေချိုက သူ့ပခုံးကို ဆတ်ကနဲပုတ်ကာ

''ခင်မောင်ရင်''

ဟုခေါ်၏။

သူလည်း လန့်သွားပြီး

''ဘာလဲဟ''

''အံမယ် . . . နင်က ငါ့လို 'ဘာလဲဟ'တွေ ဘာတွေပြန်ပြောတတ်နေပြီပေါ့လေ''

''မဟုတ်ပါဘူးဟာ၊ ငါ . . . စာထဲမှာ စိတ်ဝင်စားနေလို့ပါ''

''အမလေး . . . အပိုတွေ လုပ်မနေပါနဲ့၊ ဒီမှာ . . . ခဏလောက်နားထောင်စမ်းပါဦး၊ ပြီးတော့ မေးစရာလည်းရှိလို့ပါ''

နွေချိုက အရေးတကြီးပုံစံဖြင့် သူ့နားတိုးကပ်လာ၏။

သူလည်း စိတ်ဝင်စားသွားပြီး

''ပြောလေ . . . ငါနားထောင်ပါ့မယ်''

''ဒီလိုမှပေါ့၊ ဒီလိုဟ . . . ဒီလို''

ဟု ဆိုပြီး သူ့လက်လေးကို ဖြန့်လိုက်လေ၏။

''မနေ့က ငါ့အတန်းထဲမှာ ကောင်မလေးတစ်ယောက်နဲ့ ငါနဲ့ ရန်ဖြစ်တယ်ဟ''

''ဟင် . . . ဘယ်လိုဖြစ်လို့လဲ''

''အစတုန်းကတော့ သူနဲ့ငါနဲ့ စကားအကောင်းသားပြောနေကြတာပါ၊ နောက်တော့ . . . ပြောရင်း ပြောရင်းနဲ့ ကိစ္စတစ်ခုကိုရောက်သွားရော''

''ဘာကိစ္စလဲ''

''လက်ထပ်လက်စွပ်ကိစ္စ''

www.burmeseclassic.com

www.burmeseclassic.com



သူဘာမှမပြောဘဲ ဆက်နားထောင်နေလိုက်သည်။ နွေချိုက ဆက်ပြော၏။

''သူက ငါ့ကို အဲဒီကိစ္စမှာ ဆရာကြီးလုပ်ရောဟ''

''သူက ဘယ်လိုလုပ်လို့လဲ''

''စေ့စပ်တာက ဘယ်လို၊ လက်ထပ်လက်စွပ်က ဘာကြောင့် ဝတ်ရတာ၊ ဘာညာနဲ့ပေါ့၊ ပိုဆိုးတာက စကားပြောနေရင်း ကြားညှပ်ပြီး နင်သိမှာမဟုတ်ပါဘူးလို့ထည့်ထည့်ပြောတာ၊ ငါ့စိတ်အနာဆုံးပဲဟ''

''အေးပေါ့၊ နင်မှ သိမှမသိဘဲ၊ သူပြောတာခံရမှာပေါ့''

ထိုသို့ပြောမိပြီးမှ နွေချို သူ့ကို စိတ်ဆိုးသွားမလားဟု စိုးရိမ်သွားသေးသည်။

တော်သေး၏။ နွေချိုက သူ့စကားကို ဂရုမပြုဘဲ တစ်ခုခုကို တွေးနေပုံရသည်။

ထို့နောက်မှ

''ဒါပေမဲ့ဟာ ... သူပြောသွားတာတွေ မှန်လား မမှန်လား ငါ့ကို လာဖောသွားတာလားဆိုတာကို ငါသိချင်သေးတယ်''

''အဲဒီတော့''

''အဲဒီတော့ နင် ငါမေးတာဖြေ''

''ဗုဒ္ဓေါ''

သူ့မျက်လုံးသည် အဆတစ်ရာခန့်ပြူးကျယ်သွားကာ

''ဘာလဲ မဖြေချင်ဘူးလား''

''မဟုတ်ပါဘူး ... နင်မေးတာ ငါမသိမှာစိုးလို့ပါ''

''မသိလည်း နင်ငါ့ကို စာအုပ်စာတမ်းတွေထဲမှာ လိုက်ရှာပေးဟာ''



''အေး ... အေးပါ''

''ငါက မေးခွန်းလေးတစ်ခုပဲ မေးမယ်ဟာကို ဖြစ်နေလိုက်တာ''

''အေးပါ ... မေးပါ''

ထို့နောက် နွေချိုက 'ဒါဆိုလည်း သေချာနားထောင်'ဟူသော မျက်နှာပေးဖြင့်

''လက်ထပ်လက်စွပ်ကို ဘာကြောင့် လက်သူကြွယ်မှာ ဝတ်ရတာလဲ''

''ဘယ်လို ...''

''ဩော် ... မကြားဘူးလား၊ လက်ထပ်လက်စွပ်ကို ဘာကြောင့် အခြားလက်ချောင်းလေးတွေမှာ မဝတ်ဘဲနဲ့ လက်သူကြွယ်မှာပဲ ဝတ်ရတာလဲလို့''

''ငါ ... ငါမသိဘူးဟ''

''အေး ... အဲဒါ ငါ့ကိုရှာပေး''

ထိုသို့ပြောပြီးပြီးချင်း နွေချိုက ထုံးစံအတိုင်း မတ်တပ်ရပ်၏။ ထို့နောက် ထုံးစံအတိုင်းပဲ ထွက်သွားလေတော့၏။

ခင်မောင်ရင်မှာသာ ခေါင်းကုတ် ခြေကုတ်ပြီး ကျန်ခဲ့သည်။

ခဏကြာသောအခါတွင် ခင်မောင်ရင်မှာ စာကြည့်တိုက်ကောင်တာရှေ့တွင်ရပ်လိုက်ကာ ကောင်တာမှအစ်မကြီးအား မေးခွန်းတစ်ခု မေးလိုက်လေ၏။

''အစ်မ ... အဲဒီကိစ္စလေးများ သိမလားမသိဘူး''

ကောင်တာမှ အစ်မကြီးမှာ ကြောင်သွားပြီး

''ဘာကိုပြောတာလဲ မောင်လေး''

''ဟို ... ဟို ဟာလေးရှာချင်လို့''

www.burmeseclassic.com

www.burmeseclassic.com



"အေးပြောလေ၊ ဘယ်ဟာလေးရှာချင်လို့လဲ။ မောင်လေးက ဘာအကြောင်းသိချင်လို့လဲ"

ခင်မောင်ရင်မှာ ပြောရမှာ ခပ်ရှက်ရှက်ဖြစ်နေ၏။

"ဟို. . . လက်ထပ်လက်စွပ်ကို လက်သူကြွယ်မှာ ဘာကြောင့် ဝတ်ရတာလဲ သိချင်လို့ပါ"

"သြော် . . . ဒါများ မောင်လေးရယ် အစ်မပြောပြမှာပေါ့"

"ဗျာ . . . အစ်မသိတယ်"

"သိတာပေါ့ . . . အစ်မက ဒီစာကြည့်တိုက်က စာအုပ်တွေ တော်တော်များများ ဖတ်ထားတယ်လေ"

ခင်မောင်ရင်မှာပျော်သွားပြီး

"ပြောပြပါလား အစ်မ"

"လာ . . . ခုံလွတ်တစ်ခုမှာ သွားထိုင်ရအောင်"

ကောင်တာမှအစ်မကြီးလည်း စကားပြောဖော်ရသွား၍ ပျော်သွားသည်ထင်၏။ ခင်မောင်ရင်လည်း နွေချိုမေးခွန်းကို ခက်ခက်ခဲခဲ မရှာရတော့ဘူးဟုဆိုကာ ပျော်သွား၏။

ထို့နောက် သူတို့နှစ်ယောက် ခုံလွတ်တစ်ခုတွင် ဝင်ထိုင်လိုက်ကြသည်။

"အစ်မ လုပ်သလိုလိုက်လုပ်"

"ဗျာ"

"အစ်မ အခုလုပ်ပြတဲ့အတိုင်း လိုက်လုပ်လို့"

ကောင်တာမှအစ်မကြီးသည် ခင်မောင်ရင်အား သူ၏လက် နှစ်ဖက်အား တစ်ဖက်ပါပုံစံအတိုင်းလုပ်ပြလေ၏။





"လက်ခလယ်ကိုကွေးထားပြီး ကျန်တဲ့လက်ထိပ်တွေထိထား"

"ဟုတ်. . . ဟုတ်ကဲ့"

စိတ်ဝင်စားဖို့ကောင်းလာ၏။ ထို့ကြောင့် ခင်မောင်ရင်လည်း ထိုအစ်မကြီးလုပ်သည့်အတိုင်း လိုက်လုပ်လိုက်လေ၏။

"ကျန်တဲ့လက်တွေကို ဒီအတိုင်းထားပြီး လက်မကို ဖွင့်ချည် ပိတ်ချည်လုပ်"

"ဟုတ်ကဲ့"

"လုပ်လို့ရလား"

"ရတယ်"

"ဒါဆို . . . လက်မထိပ်နှစ်ချောင်းကိုပြန်ထိပြီး ကျန်တဲ့လက် တွေကိုလည်း ဒီအတိုင်းထားပြီးရင် လက်ညှိုးကို ဖွင့်ပိတ်လုပ်ကြည့်ဦး"

"အင်း"

သူသည် လက်ညှိုးကို ဖွင့်ပိတ်လုပ်၏။

"ရလား"

"ဟုတ်ကဲ့"

"လက်သန်းကိုရော လုပ်ကြည့်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com



သူ ထပ်လုပ်ကြည့်ပြန်၏။

"ဖွင့်လို့ပိတ်လို့ရလား"

"ရတယ် အစ်မ"

"ဒါဆို ... နောက်ဆုံးအနေနဲ့ ကျန်တဲ့လက်တွေကို ဒီအတိုင်းထားပြီး လက်သူကြွယ်ကိုပဲ ဖွင့်ချည်ပိတ်ချည်လုပ်ကြည့်"

"ဟုတ်"

သူလက်သူကြွယ်ကို အဖွင့်အပိတ်လုပ်ကြည့်၏။

မရ...။ လက်ချောင်းထိပ်နှစ်ခုလုံးကပ်နေ၏။

သူကြိုးစားကြည့်သည်။

မရပြန်...။

"ရလား"

"မရဘူး အစ်မ"

"သေချာလား"

သူထပ်ကြိုးစားကြည့်ပြန်သည်။ သေချာသည်။ လက်သူကြွယ်ထိပ်နှစ်ခုကိုဖွင့်လို့ (ခွာလို့) မရ ...။ ကပ်နေ၏။

"သေချာတယ် အစ်မ၊ ဖွင့်လို့မရဘူး"

"ဒါဆို အစ်မကို စာရွက်တစ်ရွက်လောက်ပေးပါလား။ အဓိပ္ပာယ်အချို့ရေးပေးလိုက်မယ်"

"ဟုတ်...ဟုတ်ကဲ့"

ဟု ခင်မောင်ရင်က ဆိုလိုက်ပြီး သူ့လွယ်အိတ်ထဲမှ စာရွက်နှင့်ဘောလ်ပင်ထုတ်ပေးလိုက်၏။

ထိုအစ်မကြီးကလည်း စာရွက်ပေါ်တွင် တစ်ဖက်ပါအတိုင်း ရေးပေးလေ၏။



- ♦ လက်မသည် မိဘနှစ်ပါးအား ကိုယ်စားပြု၏။ တစ်နေ့နေ့ ကျရင် သူတို့နှင့် ခွဲခွာရလိမ့်မည်။ ထို့ကြောင့် လက်မထိပ် နှစ်ခုအား ဖွင့်လိုက်ပိတ်လိုက် (တစ်နည်းအားဖြင့် ထိလိုက်၊ ကပ်လိုက် လုပ်လို့ရ၏)
- ♦ လက်ညှိုးသည် ညီအစ်ကိုမောင်နှမများအား ကိုယ်စားပြု၏။ တစ်နေ့နေ့ကျရင် သူတို့အိမ်ထောင်နဲ့ သူတို့ဖြစ်သွားရင် လည်း သူတို့နဲ့ ခွဲခွာရလိမ့်မည်။ ထို့ကြောင့် လက်ညှိုးသည် လည်း ဖွင့်ပိတ်လို့ရ၏။
- ♦ လက်ခလယ်သည် သင့်ဘဝဖြစ်၏။ ၎င်းအား ထည့်တွက်စရာ မလိုပါ။ ထို့ကြောင့် လက်ခလယ်အား ကွေးညွှတ်ထား၏။
- ♦ လက်သန်းသည် သင့်သားသမီးတွေကို ကိုယ်စားပြု၏။ ၎င်းတို့သည်လည်း တစ်နေ့နေ့ တစ်ချိန်ချိန်ကျရင် ခွဲခွာသွားပေလိမ့်မည်။ ထို့ကြောင့် လက်သန်းတို့သည် ခွဲခွာလို့ရ၏။
- ♦ နောက်ဆုံး ...

လက်သူကြွယ်သည် ကိုယ့်ရဲ့ဘဝလက်တွဲဖော်ကို ကိုယ်စား ပြု၏။ သူသည် သင်နှင့်တစ်သားတည်းရှိနေသည့်သဘော...။ ကြင်နာမှုတွေနှင့်အတူတူ သင့်ဘဝလက်တွဲဖော်အား ခွဲခွာ၍မရနိုင်။ ထို့ကြောင့် လက်သူကြွယ်သည် အဖွင့်အပိတ် (ပူးလိုက် ကပ်လိုက်) လုပ်လို့မရဘဲ ထာဝစဉ်ပူးကပ်နေ၏။

ဤသို့ဖြင့် ဘဝလက်တွဲဖော်ကို ကိုယ်စားပြုသော လက်သူကြွယ်တွင် မခွဲမခွာဟူသောအဓိပ္ပာယ်ဖြင့် လက်ထပ်လက်စွပ်အား ဝတ်ဆင်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်ရင်သည် သူသိချင်သောအဖြေကိုကြားလိုက်ရသော အခါတွင် ပျော်သွား၏။

ထို့ကြောင့် နွေချိုကိုရှာပြီးပြောရန်အတွက် စာတိုက်မှ ပြေး ထွက်ခဲ့လိုက်၏။

ငါသိသွားပြီ . . . နွေချို။

နွေချိုကို တစ်ကျောင်းလုံးတွင်ပတ်ကာရှာနေရ၏။ မတွေ့။

နောက်ဆုံး ကင်တင်းတစ်ခုတွင် သူ၏သူငယ်ချင်းများအား အာပေါင်အာရင်းသန်သန်ဖြင့် စကားပြောနေသော နွေချိုကို တွေ့လိုက် ရ၏။

သူဝမ်းသာသွားပြီး ကင်တင်းထဲသို့ ပြေးဝင်သွား၏။

''နွေ . . . နွေချို''

ပြောချင်လွန်း၍ စကားများပင် ထစ်ကုန်တော့၏။

နွေချိုက စကားပြောနေရာမှ သူ့ကိုတစ်ချက်လှည့်ကြည့်၏။ ထို့နောက် အနီးမှာရှိသော စားပွဲတစ်လုံးကို ညွှန်ပြကာ –

''အေး . . . ခဏထိုင်စောင့်''

ဟု ဆိုကာ သူ့သူငယ်ချင်းတွေနှင့် စကားဆက်ပြောနေ၏။

ခင်မောင်ရင်မှာလည်း ခုံတစ်လုံးဆွဲကာ နွေချိုတို့စားပွဲနှင့် အနီးဆုံးခုံတွင် ဝင်ထိုင်လိုက်ပြီး နွေချိုပြောနေတဲ့စကားများကို နားထောင် နေလိုက်သည်။

နွေချိုသည် သူနားမလည်သော အကြောင်းအရာအချို့ကို ပြောပြနေ၏။

နွေချိုကတော့ စကားပြောနေရင်း အားပါလာကာ လက်ဟန် ခြေဟန်များနှင့် ရှင်းပြနေလေ၏။



ကြာလာတော့ နွေချို့စကားသံများကို မကြားရတော့ . . ။

နွေချိုရဲ့ ဟန်ပန်နှင့်မျက်နှာအမူအရာကိုသာ မြင်နေမိတော့ သည်။

နွေချို . . . ။

လှလိုက်တာဟု စိတ်ထဲက ပြောမိသည်။

နွေချိုကတော့ ခင်မောင်ရင် ရှိနေသည်ကို မေ့သွားလားမသိ။

အချိန်တော်တော်ကြာသည်အထိ စကားပြောနေဆဲဖြစ်သည်။

သူ့သူငယ်ချင်းများကလည်း နွေချို့စကားကိုငေးပြီး နား ထောင်နေသည်။

ခင်မောင်ရင်မှာလည်း သူသိထားသည့်အကြောင်းအရာတချို့ ကိုပြောချင်လွန်းအားကြီး၍ အောင့်အီးကာနေ့နေရ၏။

ထို့ကြောင့် မထူးဘူးဟုဆိုကာ နွေချိုမျက်နှာကိုပဲ ငေးကြည့် နေလိုက်သည်။

ချစ်လိုက်တာ နွေချို . . . ။

ခဏကြာတော့ သူ့သူငယ်ချင်းများ ထပြန်သွား၏။ စကား ပြောတာပြီးသွား၍ထင်သည်။ သူ့ဘက်ကိုလှည့်ကာ

''ဘာကိစ္စလဲ ခင်မောင်ရင်''

ဟု မေး၏။

''ဟို . . . လက်ထပ်လက်စွပ်ကိစ္စပါ''

''ဘာ''

သူမ အော်သံကြောင့် ခင်မောင်ရင်မှာ လန့်သွားပြီး

''ဘာ . . . ဘာဖြစ်လို့လဲ နွေချို''

''နင် ငါ့ကို ဘာတွေလာပြောနေတာလဲ''

www.burmeseclassic.com

www.burmeseclassic.com



သူလည်း သူစကားပြောတာမှားသွားကြောင်း သိသွားပြီး

''ဟို . . . လက်သူကြွယ်မှာ ဝတ်ရတဲ့ ကိစ္စလေ''

ဟု အမြန်ပြန်ပြင်ပြောလိုက်ရ၏။

''ဩော် . . ဒါလား''

''အေး . . ငါသိခဲ့ပြီဟ''

''ဒါဆိုလည်း မြန်မြန်ပြော''

နွေချို၏အားတတ်သရောပြောလိုက်မှုကြောင့် သူလည်း အားရသွားပြီး 'ဒီလိုဟ' ဟု အစချီကာ လက်ချောင်းများနှင့် ရှင်းပြလိုက်လေ၏။

နွေချို ငြိမ်ပြီးနားထောင်နေသည်။

သူ့စကားဆုံးသောအခါတွင် နွေချိုက ဝုန်းကနဲထကာ

''သူပြောတာမှားနေတယ်''

ဟုဆိုပြီး ရန်တွေ့ရန်ဟူသောစတိုင်ဖြင့် ကင်တင်းထဲမှ ထထွက်သွားသည်။

ထုံးစံအတိုင်း သူတစ်ယောက်တည်းကျန်ခဲ့သည်။

ဤတွင် သူ့စိတ်ထဲ၌ ထူးထူးဆန်းဆန်းစိတ်တစ်ခုဝင်လာ၏။

သူ နွေချို့ဆီက အဖြေတောင်းချင်လာသည်။

ထို့ကြောင့် . . . နောက်တစ်နေ့တွင် နွေချို့ကိုတွေ့သောအခါ အဖြေတောင်းလိုက်၏။

■

(၁၇)

''ငါ့ကို အဖြေပေးပါလား နွေချို''

ခင်မောင်ရင့်အသံသည် တိုးညှင်းလွန်းသော်လည်း ပီသပြတ်သားနေသည်။

အလိုလိုပြောထွက်သွားသော ထိုစကားကြောင့် သူ့ကိုယ်သူလည်း အံ့ဩနေမိသည်။

ပြောပြီးမှ မှားသွားပြီလားဟု ပြန်စဉ်းစားမိသည်။

နွေချိုကို သူလှမ်းကြည့်လိုက်သည်။

နွေချို . .

ရင်ထဲက အလိုလိုခေါ်မိ၏။

သူမကတော့ သူ့စကားကို မကြားချင်ယောင်ဆောင်ကာ

www.burmeseclassic.com

www.burmeseclassic.com



အဝေးသို့ ငေးနေ၏။

နွေချိုက စိတ်ညစ်သည်ဟုဆိုကာ ခင်မောင်ရင့် အတန်းရောက်လာ၏။ ထို့နောက် ဘွဲ့နှင်းသဘင်ဘက်သွားထိုင်ရအောင်ဟု ဆိုကာ ခင်မောင်ရင်ကို ခေါ်လေ၏။

ခင်မောင်ရင်လည်း နွေချိုသွားရာနောက်သို့ပါလာရသည်။ ဘွဲ့နှင်းသဘင်ရောက်တော့ နွေချိုက ဘာစကားမှ မပြောဘဲ တစ်ဖက်သို့ ထိုင်ငေးနေစဉ်တွင် ခင်မောင်ရင်က အဖြေတောင်းလိုက်ခြင်းဖြစ်သည်။

ထိုသို့ ပြောလိုက်သောအခါ နွေချိုက ဘာမှပြန်မပြောသောကြောင့် ခင်မောင်ရင်လည်း ငူစီစီဖြစ်ကာ ခေါင်းကုတ်နေရ၏။

သူ့ရင်ထဲတွင် နွေချိုဟု အလိုလိုခေါ်နေမိသည်။

တကယ်ပါ နွေချို...။

ငါ...ငါ နင့်ကို တကယ်ချစ်တာပါ။

အကြိမ်သိန်းသန်းပေါင်းများစွာ ရေရွတ်နေမိသည်ကိုလည်း နွေချိုသိမှာ မဟုတ်ပါဘူးလေ။

"ခင်မောင်ရင်"

"ဟေ...ဘာ..ဘာလဲ"

အတွေးများပြတ်တောက်သွားပြီး အိပ်မက်မှ လန့်နိုးသူတစ်ယောက်လိုဖြစ်ကာ ပြန်ထူးမိ၏။

"ငါ စိတ်ညစ်နေတာ နင်သိတယ်နော်"

"အေး...အေးပါ"

သူခေါင်းကို အလိုလိုငုံ့မိလိုက်သည်။

သူအဖြေဆက်မတောင်းရဲတော့။

"နင့်ကို ငါခင်ပါတယ် ခင်မောင်ရင်"



သူ ခေါင်းသာငုံ့နေမိဆဲဖြစ်သည်။

ဒါဟာ အဖြေလားဆိုတာ သူမသိ။ မေးလည်း မမေးရဲ။ သူ ဘာမှဆက်မပြောသောကြောင့် သူမကပဲ ဆက်ပြောသည်။

"သေချာတာကတော့ ...ငါ နင့်ကိုချစ်လို့မရသေးတာပဲ ခင်မောင်ရင်"

"ဟင်"

သူခေါင်းပြန်မော့ကာ နွေချိုကိုကြည့်လိုက်၏။

သူ့မျက်ဝန်းမှ တစ်စုံတစ်ရာကို လိုက်ရှာနေမိ၏။

မတွေ့...။

"ဘာဖြစ်လို့လဲလို့ ပြန်မမေးတော့ဘူးလား ခင်မောင်ရင်"

နွေချိုက အဝေးသို့ငေးနေရာမှ ခင်မောင်ရင်ကို လှည့်ကြည့်သည်။

သူရင်ထဲ၌ နွမ်းလျသွားပြီး

"ဘာ...ဘာဖြစ်လို့လဲ နွေချို"

ဟု ထစ်ထစ်ငေါ့ငေါ့ မေးမိလိုက်သည်။

ပန်းရနံ့တချို့သည် လေပြေ၌ ပါလာသလို ခံစားလိုက်ရ၏။ တောင်လား မြောက်လား မသိပေမယ့် သူ့ရင်ကိုတော့ ခဏတာ အေးမြစေလေသည်။

သို့သော် လေသည် ခဏသာဖြစ်၏။

"ငါ့မှာ ရည်းစားရှိတယ် ခင်မောင်ရင်"

"ဘာ"

မဟုတ်နိုင်ဘူး နွေချို...မဟုတ်နိုင်ဘူး...၊

သူဘာမှ ဆက်ပြောလို့မရ၊ မျက်လုံးတို့ပင် ပြာချင်သလိုလို

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာသည်။ အချစ်သည် မျက်လုံးတွေကို ပြာဝေစေလား သူမသိ။

သူ့မျက်ဝန်းတို့ပြာလာကာ ခေါင်းတွေ နောက်ကျိသွား၏။

"ဒါပေမဲ့ . . . သူ ငါ့ကို သစ္စာဖောက်တယ်လို့ အသံကြားနေရတယ်။ နင် ငါ့ကို ရည်းစားစကားပြောတဲ့နေ့ကပဲ ကြားခဲ့ရတာ ခင်မောင်ရင်။ သူတို့နှစ်ယောက်အသံတွေတောင် ငါ့သူငယ်ချင်းက အသံဖမ်းပေးခဲ့တယ်လေ။ နင့်ကိုပေးလိုက်တဲ့ အသံဖမ်းစက်ထဲမှာပါတယ်"

"နင့်မှာ ရည်းစားရှိတယ်လို့ မကြားမိဘူး နွေချို"

သူ့အသံသည် ငိုသံပါသွားလား သူမသိ။ အခုအချိန်တွင် သူ့ခေါင်းထဲတွင် နွေချိုပဲရှိသည်။

"ကျောင်းထဲက မဟုတ်ပါဘူး ခင်မောင်ရင်၊ ဒါကြောင့် ငါ့သူငယ်ချင်းအရင်းကလွဲရင် ဘယ်သူမှမသိတာပေါ့"

"အဲဒီတော့ နင်က သူ့ကို"

"ငါ သူ့ကို အခုထိချစ်နေဆဲပဲလို့ ငါထင်တယ်"

"အို"

သူ့ရင်၏အစွန်းသည် ကမ္ဘာ၏အဝေးသို့ရောက်သွားသည်။

စကား၏ထုထည်အားကြီးမားမှုကြောင့် သူ၏နှလုံးသားသည် တဒုတ်ဒုတ်နှင့် ခုန်နေလေ၏။

ဒါကို နွေချို သိပါလေစ။

နွေချို့ကိုကြည့်မိ၏။

သူမ ငိုနေလေသည်။

ရှိုက်ကြီးတငင်မဟုတ်ပဲ မျက်ဝန်းမှ မျက်ရည်တို့စီးကျနေ၏။

သူ သုတ်ပေးချင်မိသည်။

သို့သော် လက်ကမရောက်မိ။



သူ့ရင်ထဲမှာတော့ သူမ၏မျက်ရည်တို့အား သုတ်ပေးနေမိသည်။

နွေချိုရယ် . . ။

အခုအချိန်တွင် သူမသည် အရင်တုန်းကလို မာဆတ်ဆတ်ပုံစံဖြင့် နွေချိုမဟုတ်ဟု မြင်နေမိသည်။

"သူနဲ့ ငါ စာရင်းရှင်းချင်တယ် ခင်မောင်ရင်"

"သွားတွေ့လိုက်ပါလား"

"သူက အိမ်ပြောင်းသွားပြီတဲ့"

"ဩော်"

ထို့နောက် နွေချိုသည် ခင်မောင်ရင်ဘက်သို့ တဖြည်းဖြည်းလှည့်ကြည့်ပြီး

"သူ့ကိုရှာပေးပါလားဟင်"

"ဘာ . . ."

အရင်တုန်းကထက်ပိုပြီး ထိတ်လန့်မှုမျိုးဖြင့် ထိတ်လန့်သွားခြင်းဖြစ်သည်။

ထိုပြင် . . . ဒီလောက် ရက်ရက်စက်စက်လှသောမိန်းကလေးတစ်ဦးအား သစ္စာဖောက်သွားသောသူအားလည်း ဘယ်လိုကောင်မျိုးလဲဟု မြင်တွေ့ချင်နေမိသည်။

"ရှာပေးမှာလား"

နွေချိုက နှုတ်ခမ်းလေးစူပြီး မေးသည်။

သူမနေနိုင်တော့ . . . ။ ထို့ကြောင့်

"ရှာပေးမယ်လေ၊ ဘယ်မှာရှာရမလဲသာပြော"

နွေချို ကျေနပ်သွားပုံရပြီး

www.burmeseclassic.com

www.burmeseclassic.com



''သူ့နာမည်က တိုးမောင်၊ အခုလည်းကူးမှာ ပြောင်းနေတယ်တဲ့။ သူ့ကိုစုံစမ်းချင်ရင် ယမကာမှုကြီးဆိုတဲ့ ထန်းရည်ဆိုင်မှာ အရင်စုံစမ်းရမယ်''

သူစာအုပ်နှင့် အသေအချာလိုက်မှတ်လိုက်သည်။

သူက မေ့တတ်သည် မဟုတ်ပါလား။

■

## (၁၈)

''နွေချိုရယ်၊ ခင်မောင်ရင် သနားပါတယ်။ အဲဒီလိုကြီးတော့ မလုပ်သင့်ပါဘူး''

သူ့သူငယ်ချင်းရဲ့စကားကို နွေချို မသိချင်ယောင်ဆောင်နေလိုက်သည်။

''ငါက နောက်လိုက်တာပါဟာ၊ သူက မအူမလည်နဲ့ဆိုတော့ စချင်တာလည်း ပါတာပေါ့''

''ဟိုက တကယ်သွားရှာနေရင်ရော''

''တိုးမောင်က တကယ်မှမရှိတာ၊ ငါ့ပါးစပ်ထဲရှိတာ လျှောက်ပြောလိုက်တာ။ သူပြန်လာမှာပေါ့''

သူငယ်ချင်းက နွေချို့ကိုကြည့်ကာ

www.burmeseclassic.com

www.burmeseclassic.com



''သူကကော နင်ပြောတာကို ယုံတာပဲလား''

''အင်း . . . ယုံသွားတယ်ဟ၊ နဂိုကတည်းကမှ သူက ငါ့စကား ဆိုယုံတယ်လေ။ အဲဒီနေ့တုန်းကလည်း နည်းနည်းကြွပြလိုက်ရတာပေါ့''

''ခင်မောင်ရင် သနားပါတယ်။ သူက နင့်ကို တကယ်ချစ် ရှာတာပါ''

''ငါကမှ သူ့ကို ချစ်လို့မရသေးတာ။ ဒါပေမဲ့ သူ့ကို ငါခင် တယ်။ ပျော်ဖို့လည်း ကောင်းတယ်''

နွေချို့သူငယ်ချင်းက နွေချိုကို မသိမသာကြည့်ကာ သက်ပြင်း ဖွဖွလေးချသည်။

''ဒါနဲ့ နင်က ယမကာမူးကြိုထန်းရည်ဆိုင်ကို ဘယ်လိုလုပ် သိတာလဲ''

''အဲဒီဘက်မှာ ငါ့သူငယ်ချင်းရှိတယ်လေ။ တစ်နေ့ သူ့ဆီ သွားရင်းနဲ့ အဲဒီဆိုင်ရဲ့နာမည်လေးကို ကားပေါ်ကတွေ့လိုက်ရတယ်။ နာမည်ကလည်းတစ်မျိုးဆန်းနေလို့လေ။ ဒါနဲ့ သူ့ကိုပြောလိုက်မိတာ''

''ဪ''

ပြောစရာစကားများမရှိ၍ ခေတ္တတိတ်ဆိတ်သွားသည်။

ခဏကြာတော့ နွေချိုက

''ခင်မောင်ရင်တော့ အူလည်လည်နဲ့ ပြန်လာတော့မှာမြင် ယောင်သေးတယ်''

ဟု ပြောလေ၏။

''သူကတော့ တကယ်သွားမှာ သေချာတယ်နော်''

''ဟုတ်တယ် . . သွားမှာ၊ ဒါပေမဲ့ဟယ်၊ သူပြန်လာမှပဲ တောင်း ပန်လိုက်ပါ့မယ် . . . အဟီး''



နွေချိုက မချိုမချဉ်မျက်နှာဖြင့် ပြောသည်။

''အေးပါ . . အေးပါ၊ ငါ ဘာမှမပြောတော့ပါဘူး''

နေနီနီသည် ကောင်းကင်၌ခပ်စောင်းစောင်းရှိနေ၏။

နေနှင့်အတူ အပူတို့က ရက်စက်လှ၏။

ထို့ကြောင့် ကောင်းကင်သည် `ကောင်းကင်ပါး၀'သလို ခံစား နေရသည်။

■

www.burmeseclassic.com

www.burmeseclassic.com

# ယမကာမှုကြို
# ထန်းရည်ဆိုင်

## (၁၉)

ထိုဆိုင်းဘုတ်အား မြင်လိုက်သောအခါတွင် ပင်ပန်းလာသမျှ အားလုံးအမောပြေသွားသည်။

ထန်းရည်ဆိုင်လေးသည် သာမန်ဆိုင်လေးတစ်ဆိုင်သာဖြစ်သည်။ သို့သော် နာမည်လေးသည် ထူးခြားနေသည်ဟု ထင်မိသည်။

''ယမကာမှုကြို''တဲ့ . . .။ အဓိပ္ပာယ်လေးတော့ရှိရမည်ဟု သူထင်နေ၏။

''ဘာအမြည်းစားမလဲ အစ်ကို''

ဆိုင်မှကောင်လေးတစ်ယောက် ထန်းရည်လာချရင်းမေးသည်။

သူကလည်း ပါးစပ်ထဲ တွေ့ရာအမြည်းကို ပြောလိုက်သည်။

ထို့နောက်မှ သူ၏လာရင်းကိစ္စကို သတိရသွားသည်။

တိုးမောင် . . .။

www.burmeseclassic.com

www.burmeseclassic.com



ထိုနာမည်ကြားတိုင်း သူနည်းနည်းစိတ်တိုမိသည်။

နွေချိုလိုကောင်မလေးတစ်ယောက်အား သစ္စာဖောက်သွားရအောင် ဒင်းက ဘာကောင်မို့လို့လဲ။

စိတ်ထဲက ခံပြင်းဒေါသထွက်ကာ 'တောက်'တစ်ချက်ခေါက်လိုက်မိ၏။

''တောက်''

အသံနည်းနည်းကျယ်သွားပြီး ဘေးမှသောက်နေတဲ့လူများက လှည့်ကြည့်ကြသည်။

ဒါကို သူသတိမထားမိ။

အခုအချိန်တွင် သူ့ရင်ထဲတွင် ခံပြင်းမှုတွေသာရှိနေသည်။

သူထန်းရည်တစ်ခွက်ကောက်မော့လိုက်သည်။ ထိုစဉ် ဆိုင်မှကောင်လေးက အမြည်းလာချပေးသည်။

''ဒီမှာ . . . ညီလေး''

''ဗျာ''

''အစ်ကို တစ်ခုလောက်မေးချင်လို့ကွာ''

''မေးပါ . . . ရပါတယ်''

''ဒီဆိုင်ကို ဘာဖြစ်လို့ ယမကာမှုကြိုလို့အမည်ပေးထားရတာလဲ''

''ဩော် . . . ဒါက ဒီလိုပါ အစ်ကို၊ ယမကာဆိုတဲ့အဆင့်ကိုရောက်ဖို့အတွက် ထန်းရည်ကို အရင်သောက်ကြတယ် မှတ်လား''

''အေးလေ . . . အဲဒီတော့''

''ဒီတော့ အစ်ကိုရယ်၊ ယမကာဆိုတဲ့ အဆင့်ရောက်ဖို့ ထန်းရည်ဆိုတဲ့ မှုကြိုဆိုင်ကိုဖြတ်ရတော့ ထန်းရည်ဆိုင်က ယမကာမှုကြိုမဟုတ်



ဘူးလား အစ်ကို၊ ဒါကြောင့် ယမကာမှုကြိုလို့ မှည့်ခေါ်ထားတာပါ''

''ဟာ . . . ရေလည်မိုက်တယ်ကွာ''

သူသဘောကျသွားသည်။ တစ်ဆက်တည်းမှာပဲ ထန်းရည်နှစ်ခွက်ဆင့်သောက်လိုက်၏။

ထို့နောက် ဆိုင်ကကောင်လေးအား

''တိုးမောင်ကို သိလားကွ''

''ဗျာ''

ကောင်လေးမှာ ထိတ်လန့်သွားပုံရသည်။

''တိုးမောင်လေ . . . တိုးမောင်''

သူ့အသံမှာ နည်းနည်းကျယ်သွားသောကြောင့် ဆိုင်ထဲက လူများက ဝိုင်းကြည့်နေကြသည်။

သူဂရုမစိုက်အား . . . ။ အရေးကြီးသည်မှာ သူ တိုးမောင်နှင့်တွေ့ဖို့ အရေးကြီးနေသည်။

သူနှင့် ကိစ္စရှင်းဖို့ရှိသည်။

သူနောက်ထပ်နှစ်ခွက်ဆင့်သောက်လိုက်ပြန်သည်။

''တိုး . . . တိုးတိုးလုပ်ပါ အစ်ကို၊ ကိုတိုးမောင်ကို တွေ့ချင်လို့လား''

ကောင်လေးက ဘေးဘီကို အထိတ်တလန့်ကြည့်ကာ တိုးတိုးပြော၏။

''အေး . . . ငါ သူနဲ့ ရှင်းစရာရှိတယ်''

''ဗျာ . . . အစ်ကိုက''

''အေး . . . ငါ့ကို နောက်မြူတစ်အိုးထပ်ပေး''

ဘာကြောင့်မှန်းမသိ။ သူထန်းရေသောက်ကောင်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲသို့ သူတစ်ချက်ငဲ့ကြည့်လိုက်သည်။ ဆိုင်ထဲက လူများက သူ့ကို အထူးအဆန်းသဖွယ် ဝိုင်းကြည့်နေကြသည်။

သူပြန်ရယ်ပြလိုက်၏။

သောက်လက်စခွက်ကိုပင် 'ချီးယားစ်'ပုံစံမြှောက်ပြလိုက်၏။

သူအနည်းငယ်မူးလာပုံရသည်။ သူအရက်တစ်ခါမှ မသောက်ဘူးချေ။

ယခု ယမကာမူကြိုကိုရောက်တုန်း တက်လိုက်ဦးမှဟု စိတ်ထဲ၌ ရီဝေဝေတွေးနေမိသည်။

ဆိုင်က ကောင်လေးက နောက်တစ်မြူလာချတုန်း

"ဟော့ . . . ငါမေးတာ မဖြေရသေးဘူးနော်"

"ဟို . . . ဟို . . . ကိုတိုးမောင်ကိစ္စလား . . . အစ်ကို"

"အေး . . . ဟုတ်တယ်၊ ဒီကောင် ဘယ်မှာလဲ"

"တိုးတိုး . . . တိုးတိုးလုပ်ပါ၊ ကျွန်တော်ပြောပြပါ့မယ်"

"အေး . . . ပြော"

သူထန်းရည်သောက်လိုက်၊ အမြည်းစားလိုက်နှင့် လုပ်နေသည်။

"ဒီနေ့တော့ ဒီဆိုင်ကို မလာသေးဘူး အစ်ကို"

"သူ ဘယ်တော့လာမှာလဲကွ"

"ဟို . . . မသိဘူး ခင်ဗျာ"

"သူ့အိမ်ကိုရောသိလား"

"ဟို . . . ဟို အစ်ကိုသွားမလို့လား"

"အေးပေါ့"

သူ့စကားကြောင့် ကောင်လေးမှာ ထိတ်လန့်တုန်လှုပ်သွား၏။

သူကတော့ ထန်းရည်သောက်ဆဲပင်ဖြစ်သည်။



"နောက်တစ်အိုးထပ်ချဦး၊ ပြီးရင် ငါ့ကိုသူ့လိပ်စာပြောပြ"

"ဟုတ် . . . ဟုတ်ကဲ့"

ကောင်လေးမှာ ကြောက်ကြောက်လန့်လန့်နှင့် ထွက်သွား၏။

ပြန်ရောက်လာသောအခါတွင် ထန်းရည်မြူအိုးကိုအရင်ချကာ တိုးမောင်အိမ်အား လမ်းညွှန်ပေးလေ၏။

"ကျေးဇူးပဲကွာ"

ဟု ဆိုပြီး ထန်းရည်သုံးခွက်ဆင့်ကာသောက်လိုက်ပြန်၏။

"အစ်ကို သွားရင်ကြည့်သွားဦးနော်"

"အေးပါကွ၊ မင်းလမ်းညွှန်တာ ရှင်းသားပဲ။ သေချာသွားမှာပါ"

"ဟုတ်ကဲ့"

ကောင်လေးလည်း သူ့ကိုကြည့်ရင်း ခေါင်းကုတ်ကာ ထွက်သွားလေ၏။

ထန်းရည်ကုန်သွားသောအခါတွင် ကျသင့်သည့် ငွေအားရှင်းပြီး သူမတ်တပ်ရပ်လိုက်၏။

သူ အနည်းငယ်ယိုင်သွားသည်။ ကောင်လေးကပဲ ပိုက်ဆံရေနေရင်း သူ့ကို လှမ်းထိန်းလိုက်ရသည်။

"ရတယ်၊ အဆင်ပြေတယ်၊ တိုးမောင် . . . မင်းတွေ့မယ်"

သူ ဆိုင်ထဲမှရေရွတ်ရင်း ကောင်လေးညွှန်ပြရာအရပ်သို့ ဦးတည်လိုက်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၂၀)

မြင်လိုက်ရသော မြင်ကွင်းကြောင့် ခင်မောင်ရင်၏ခြေလှမ်းများရပ်တန့်ပြီး တွေဝေပြီးရပ်သွားသည်။

ခပ်ယိုင်ယိုင်ဖြစ်နေသော အိမ်တစ်လုံးကိုမြင်တွေ့လိုက်ရသောကြောင့်ဖြစ်သည်။

ထန်းရည်ဆိုင်က ကောင်လေး၏လမ်းညွှန်ချက်အရဆို ဒီခပ်ယိုင်ယိုင်အိမ်သည် တိုးမောင်၏အိမ်ဖြစ်သည်။

သူအထဲသို့ လှမ်းခေါ်လိုက်သည်။

''တိုးမောင် . . . တိုးမောင်''

ပြန်ထူးသံ မကြားရ။

သူထပ်ခေါ်လိုက်၏။

''တိုးမောင် . . . တိုးမောင်''

ပြန်ထူးသံမကြားရ။



သူ ထပ်ခေါ်လိုက်၏။

''တိုးမောင် . . . တိုးမောင်''

''ဘယ်သူလဲဟေ့၊ အသံပြဲကြီးနဲ့ အော်နေတာ''

အမျိုးသမီးတစ်ယောက်၏ပြန်ထူးသံကို ကြားလိုက်ရသည်။

''တိုးမောင်ရှိလား''

''အပြင်မှာ အော်ကြီးဟစ်ကျယ်နဲ့ အထဲဝင်ခဲ့လေ''

ခပ်ယိုင်ယိုင်အိမ်ထဲသို့ ဝင်လိုက်သောအခါတွင် အိမ်ထဲမှ မြင်ကွင်းအချို့ကြောင့် သူအနည်းငယ်တွန့်သွားသည်။

ဖရိုဖရဲဖြစ်နေသော ပစ္စည်းများ . .။ ဟိုတစ်ပုံ ဒီတစ်ပုံနှင့်။ ကလေးတစ်ယောက်က ကြမ်းပြင်ပေါ်တွင် ကစားနေ၏။

အဒေါ်ကြီးတစ်ယောက်ကတော့ ကလေးတစ်ယောက်ကိုချီကာ သူ့ကို စိန်းစိန်းကြီးစိုက်ကြည့်နေလေ၏။

'ဒါ တိုးမောင်တို့အိမ်ရော ဟုတ်ရဲ့လား'ဟု ဇဝေဇဝါဖြစ်နေသေးသည်။

''ဘာကိစ္စလဲ''

အဒေါ်ကြီးက အသံခပ်မာမာနှင့် မေးသည်။

''ဒါ တိုးမောင်တို့အိမ်လား''

''အံမယ် ရာရာစစ တိုးမောင်လေး ဘာလေးနဲ့၊ နင်ခေါ်ချင်ခေါ် ကိုတိုးမောင်လို့ခေါ်ရမယ်၊ ဟုတ်တယ်၊ ဒါတိုးမောင်တို့အိမ် [illegible] တိုးမောင် မိန်းမ၊ ဘာလုပ်ချင်လို့လဲ''

''ဟင်''

ထန်းရည်မူးသည်အရှိန်နှင့် သူ့ခေါင်းတို့ ပြာ[illegible]

တိုးမောင်က မိန်းမနှင့်တဲ့။ ဒါ . . နွေချိုပြောတဲ့ [illegible]

www.burmeseclassic.com

www.burmeseclassic.com



မှုလာ၊ မဖြစ်နိုင်။ ဒါ နွေချိုမသိနိုင်။

သူ့ခေါင်းထဲတွင် အတွေးများတန်းစီနေသည်။

ဒီလူကြီးက မိန်းမရှိရက်နဲ့ကွာ။

"တောက်"

ခံပြင်သွားပြီး 'တောက်'တစ်ချက်ခေါက်လိုက်သည်။

အဒေါ်ကြီးက သူ့ကိုတောက်ခေါက်တယ်ထင်သွားပြီး

"ဘာ. . . တောက်ခေါက်တာလဲ"

"ခင်ဗျား ယောက်ျားပေါ့ဗျ. . . ခင်ဗျားယောက်ျား"

"ဟဲ့. . . ငါ့ယောက်ျားက ဘာဖြစ်နေလို့လဲ"

"ကျွန်တော့်သူငယ်ချင်းမိန်းကလေးနဲ့ ရည်းစားဖြစ်ပြီး ထား သွားတယ်"

"ဟင်"

မထင်မှတ်သောစကားကြောင့် အဒေါ်ကြီးမှာ မှင်သက်သွားပုံ ရသည်။

"အဲဒါ သူနဲ့စာရင်းရှင်းဖို့လာတာ"

"သြော်. . . ကျုပ်ယောက်ျားက နင့်သူငယ်ချင်းနဲ့ ကြိုက်နေ တယ်ပေါ့"

"ဟုတ်တယ်"

"နင်က ဘာကြောင့် အဲဒီလိုပြောနိုင်တာလဲ"

"ဟုတ်တယ်၊ အခု ကျွန်တော့်သူငယ်ချင်းက စာရင်းရှင်းဖို့ ဆိုပြီး သူ့ကိုရှာနိုင်းတာ"

"ဘာ"

အဒေါ်ကြီး တင်းသွား၏။



သူ့ယောက်ျားကိုလည်း မယုံမကြည်ဖြစ်သွားပုံရသည်။

ထိုစဉ်

"ဟိုအကောင် ငါ့အိမ်ထဲမှာလား"

ဟု အိမ်အပြင်မှ အော်ကြီးဟစ်ကျယ်ဖြင့် ပြောလိုက်သော အသံအားကြားလိုက်ရ၏။

အဒေါ်ကြီးမှာ တွန့်သွားသည်။ ကြောက်ကြောက်လန့်လန့် လည်းဖြစ်သွားသည်။

"ဟော့ကောင်. . . ငါပြောနေတာ မကြားဘူးလား။ ငါ့အကြောင်း ကို ထန်းရည်ဆိုင်မှာ မေးသွားတဲ့အကောင် ထွက်ခဲ့လေ"

သူက အဒေါ်ကြီးကို မေးငေါ့ပြလိုက်သည်။ 'ဘူလဲ'ပေါ့။

"တိုးမောင် . . . တိုးမောင်၊ မူးလာပြန်ပြီရှင်တယ်"

အဒေါ်ကြီးမှာ သူ့ယောက်ျားကို အသေကြောက်ပုံရသည်။

ငြိမ်ကုတ်သွား၏။

သူအိမ်အပြင်သို့ ထွက်လိုက်၏။

"ဟင်"

တိုးမောင် ပုံစံသည် လွန်စွာကြောက်စရာကောင်းလှသည်။ အရက်လည်း မူးနေပုံရသည်။

"မင်းလား"

"ဟုတ်တယ်"

သူ မချေမငံ ပြန်ပြောလိုက်သည်။ သူ့မှာ ဘာမှယဉ်ယဉ် ကျေးကျေးပြောစရာမရှိ။

နွေချိုရေ . . . ။

ငါရှင်းလိုက်တော့မယ် . . . ။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကလည်း ရီဝေနေသည်။

''ဘာကိစ္စလဲ''

''စာရင်းရှင်းစရာရှိလို့''

''ဘာ''

ထိုလူကြီးက ပါးစပ်ကလည်း 'ဘာ'၊ လက်ကလည်း 'ဖျောင်း'ကနဲ မြည်အောင်ရိုက်ချလိုက်လေ၏။

''အင့်''

သူမှောက်ရက်လဲသွားသည်။

''မင်းလို မလောက်လေးမလောက်စားကောင်ကများ . . ငါ့ကိုကွီး . . . စာရင်းရှင်းမယ်တဲ့''

သူတင်းသွားသည်။

ထို့ကြောင့် လဲနေရာမှ ကုန်းရုန်းထလိုက်၏။

နွေချို . . .

ရင်ထဲမှ သူမနာမည်ခေါ်ရင်း ထလိုက်သည်။ အားရှိသလိုခံစားလိုက်ရသည်။

ဘာရယ် ညာရယ်မဟုတ် သူ၏လက်သီးတစ်လုံးအား တိုးမောင်ဆိုသောလူကြီးထံသို့ ပစ်သွင်းလိုက်သည်။

သို့သော်မထိ။ ထိုလူကြီးက ရှောင်လိုက်သည်။

ခွင့်လွှတ်ပါ နွေချို။

ငါ လက်သီးတစ်ခါမှ မထိုးခဲ့ဖူးလို့ပါ။

''ဖြောင်း''

သူမျက်နှာတစ်ချက်ပူသွားသည်။

နာကျင်မှု၊ ထိုလူကြီးအား မုန်းတီးမှုနှင့်အတူ သူ့မျက်ဝန်းမှ



မျက်ရည်အချို့ စီးဆင်းလာသည်။

ခင်ဗျား . . . ခင်ဗျားကြီးကို နွေချိုက မကျေနပ်ဘူးဖြစ်နေတယ်။

ရင်ထဲကပဲ ပြောဖြစ်သည်။

ပါးစပ်က ဖွင့်မပြောဖြစ်။

သူလဲကျရာမှ နောက်တစ်ခေါက်ပြန်ထရန် ကြိုးစားလိုက်သည်။

နွေချိုနဲ့တွေ့ရင် သူလဲမကျခဲ့ပါဘူးဟု ပြန်ပြောနိုင်ရန်ဖြစ်သည်။

သူမှူးနေပြီဖြစ်သည်။

နင့်အတွက်ပါ နွေချို။

ဒီလူကြီးကို နင့်ဆီရောက်အောင် ခေါ်လာခဲ့ပါ့မယ်။

သူ ထိုလူကြီးကို ဖမ်းချုပ်ရန်အတွက် ခုန်အုပ်လိုက်သည်။

မထင်မှတ်သော အပြုအမူကြောင့် ထိုလူကြီးမှာ အငိုက်မိသွားသည်။

လက်သီးတစ်ချက်ထိုးလိုက်၏။

''ခွပ်''

ထိုလူကြီး၏မျက်နှာကို တိတိကျကျထိသွားသည်။

မှတ်ထား . . ။

ခင်ဗျားလိုလူကြီးက ကျုပ်သူငယ်ချင်းအလှလေးကို ဖျက်သွားတဲ့အတွက် . . . ။ နောက်တစ်ချက်ထိုးလိုက်သည်။

မထိ . . ။

ထိုလူကြီးက သူ့အောက်မှရှောင်ထွက်သွားသည်။

သူ့လက်သီးသည် မြေပြင်ကိုသာထိုးမိသည်။

အခုအချိန်တွင် သူဘာမှမသိတော့ . . . ။

ထိုလူကြီးအား နွေချိုဆီအရောက်ခေါ်သွားရမည်။

www.burmeseclassic.com

www.burmeseclassic.com



သူမှာ သူနှင့်စာရင်းရှင်းစရာရှိတယ်တဲ့ . . ။

သူ့ကို နွေချို့ဆီခေါ်သွားရမည်။

နွေချို . .

ငါသူ့ကိုမိတော့မယ်။

သူ့မျက်လုံးထဲတွင် အရာဝတ္ထုများကို သဲသဲကွဲကွဲမမြင်ရတော့။

မည်းမည်းမြင်ရာ လိုက်ဆွဲနေမိသည်။

သူအတော်မူးနေပြီဖြစ်သည်။

နွေချို . . .

နွေချို . . . . . .

သူ မည်းမည်းအရာတစ်ခုမြင်လိုက်ရသည်။

ထိုအရာဆီသို့ ပြေးဝင်သွားလိုက်၏။

နွေချိုရေ . . ငါမိတော့မယ်။

''ခွပ်''

သူမြေပြင်ပေါ်သို့ လဲကျကာ တစ်စုံတစ်ခုနှင့် ဆောင့်မိသွား၏။

သူဘာမှ မသိတော့။

ပတ်ဝန်းကျင်တွင် ဆူညံသံများနှင့် ပြည့်နက်ကာသွားသည်။

တိုးမောင်ဆိုသော လူကြီးသည်လည်း အခုမှသတိဝင်လာပုံရပြီး မြေပြင်ပေါ်တွင် သွေးများနှင့် လဲကျနေသော ခင်မောင်ရင်ကို ကြောင်ငေး ကာကြည့်နေ၏။ သူ့လက်ထဲမှ တုတ်ကိုလည်း လွှတ်ချလိုက်မိ၏။

လူများ စုပြုံလာကြသည်။

ခင်မောင်ရင်ကတော့ မြေပြင်ပေါ်တွင် သွေးများနှင့် မှောက် လျက်ပင်။

■

ဥတုမှာလည်း
နွေ . . .
ရင်ထဲမှာလည်း
နွေ . . .
တကယ်ပါ . . .
နွေချို
သူများရင်မှာ
နွေတစ်ခါရှိရင်
ငါ့ရင်မှာ
နွေနှစ်ခါပါ . . . ။
အချိန်တိုင်း
နေရာတိုင်းမှာ
ငါ့စိတ်ထဲ
ဘာမှမရှိပေမယ့်
နင်တော့ အမြဲတမ်းရှိတယ်
နွေချို . . .
လိုအပ်ရင် ခေါ်လိုက်ပါ
အလွမ်းရဲ့ တစ်နေရာမှာ
နင့်အတွက်
ထိုင်စောင့်နေပါ့မယ် . . ။

www.burmeseclassic.com

www.burmeseclassic.com

(၂၁)

"ခင်မောင်ရင်ကို ကျောင်းထဲမှာ မတွေ့တာ နှစ်ရက်ရှိပြီနော်"

သူငယ်ချင်းမိဝါ၏ စကားကြောင့် သူမ စိတ်မကောင်းဖြစ်သွားသည်။

"ငါ့ကိုများ စိတ်ဆိုးသွားပြီလား မသိဘူး"

ခင်မောင်ရင်အား ထိုကိစ္စနောက်ပြီးသည့်နောက်တွင် သူမ စိတ်ထဲတွင် တစ်ခုခုအလိုမကျဖြစ်နေသည်။

ဘာဖြစ်လို့လည်းဆိုတာကိုတော့ သေသေချာချာမသိ။ သေချာတာကတော့ သူမ စိတ်မကောင်းဖြစ်နေမိသည်။

ဒီတစ်ခါတွေ့ရင် ငါတောင်းပန်ပါ့မယ်. . . ခင်မောင်ရင်။

ငါ့ကို ခွင့်လွှတ်ပါ. . .။



"အေးလေ . . . နှင်က သူ့ကို ခဏခဏဒုက္ခပေးနေသလိုဖြစ်တာပေါ့"

သူမ ဘာမှပြန်မပြောဖြစ်။

သူမကို စိတ်ဆိုးပြီး ကျောင်းမလာတာလား။

သူမ၏စိတ်ထဲမှာ ခင်မောင်ရင် ဘာကြောင့် ကျောင်းမလာတာလဲဟုသာ သိချင်နေသည်။

"ငါတို့ခင်မောင်ရင့်အိမ်လိုက်သွားရင်ကောင်းမလား"

နွေချိုစကားကြောင့် မိဝါက နွေချိုကို တအံ့တသြကြည့်သည်။

ထို့နောက်

"ငါတို့မှ သူ့အိမ်မသိတာ"

"ရုံးခန်းမှာ သွားစုံစမ်းရင်ရတာပဲ"

"ဩော် . . . အေး ဟုတ်သားပဲ"

ထို့နောက် သူမတို့နှစ်ယောက် ပါမောက္ခရုံးခန်းထဲသို့ ထွက်လာခဲ့၏။

ရုံးခန်းထဲရှိ စာရေးမလေးတစ်ယောက်အား

"ဟို . . . ခင်မောင်ရင်ရဲ့လိပ်စာလေး သိချင်လို့ပါ"

စာရေးမလေးက ဘာမှပြန်မပြောဘဲ သူ့ကိုမော့ကြည့် [illegible]

"သူ . . . ဆေးရုံမှာ"

"ရှင်"

အဆက်အစပ်မရှိသောစကားကြောင့် နွေချို [illegible] ဖြစ်သွားသည်။

"လွန်ခဲ့တဲ့ နှစ်ရက်ကတည်းက သူ [illegible] ဆေးရုံရောက်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



''အို''

သူမတစ်ကိုယ်လုံးယိုင်ကျသွားသည်။

''ဟဲ့ . . . နွေချို''

သူမသူငယ်ချင်းက သူမကို လှမ်းထိန်းသည်။

သူမ ခေါင်းတစ်ခုလုံး ထူပူသွားသည်။

''သူ ဘယ်ဆေးရုံမှာလဲဟင်''

''. . . .''

စာရေးမက ဆေးရုံတစ်ခု၏ နာမည်ကိုရွတ်ပြသည်။

ဆေးရုံနာမည်ကြားကြားပြီးချင်း ရုံးခန်းထဲမှ အတင်းပြေးထွက်လိုက်သည်။

''ဟဲ့ နွေချို၊ ငါ့စောင့်ဦးလေ''

သူမ သူငယ်ချင်းက သူ့နောက်မှ တကြော်ကြော်ခေါ်ရင်းပြေးလိုက်လာသည်။

သူဘာသံမှ မကြားမိ။

အခုအချိန်တွင် သူ . . . ခင်မောင်ရင်နှင့် အရမ်းတွေ့ချင်နေသည်။

ပြေးစမ်း . . . နွေချို။

ပြေးစမ်း။

ခင်မောင်ရင် . . .

ရင်ထဲမှာ ဘာကြောင့်မှန်းမသိ။ သူ့နာမည်ကို ခေါ်နေမိသည်။

သူ . . . ငါ့ကြောင့်ဖြစ်သွားတာလား။

ခွင့်လွှတ်ပါ။

ငါ့ကို . . .



ခွင့်လွှတ်ပါ . . . ခင်မောင်ရင်။

ပြေးရင်း လွှားရင်းနှင့်ပင် တက္ကစီတစ်စီးတားလိုက်သည်။

ထိုအခါ မိဝါက နွေချိုကို မီလာပြီး

''နေဦး . . . ငါလည်း လိုက်မယ်''

ဟုဆိုကာ ကားပေါ်သို့ နွေချိုနှင့်အတူ တက်လိုက်၏။

''. . . . . . ဆေးရုံကို''

တက္ကစီသည် ဝူးကနဲမောင်းထွက်သွား၏။

■

www.burmeseclassic.com

www.burmeseclassic.com

(၂၂)

တွေ့လိုက်ရသောမြင်ကွင်းကြောင့် နွေချိုစိတ်ထဲတွင် တော်တော်ကြီး ဝမ်းနည်းသွားသည်။

ဆေးရုံကုတင်ပေါ်တွင် ပတ်တီးများ၊ သွေးများဖြင့် မြင်မကောင်းအောင်ဖြစ်နေသော ခင်မောင်ရင်။

နွေချိုနှင့် မိဝါဝင်လာတော့ ခင်မောင်ရင်ကုတင်ဘေးမှာထိုင်နေသောကောင်လေးတစ်ယောက်က နွေချိုကိုကြည့်ပြီး အခန်းအပြင်ထွက်သွားသည်။

နွေချိုက ခင်မောင်ရင် ကုတင်နားကပ်သွားလိုက်သည်။

''ခင်မောင်ရင်''

သူမ တိုးတိုးလေးခေါ်လိုက်သည်။

ရင်ထဲမှာ မွန်းကြပ်နေသည်။



နွေချို့အသံကြားတော့ ခင်မောင်ရင် မှိန်းနေရာမှ မျက်လုံးဖွင့်ကြည့်သည်။

သူ နွေချို့ကိုမြင်သွားပြီး အနည်းငယ်ပြုံးပြ၏။

ထို့နောက်

''ငါ ... တိုးမောင်နဲ့တွေ့တယ် နွေချို''

အသံက တိုးတိုးလေးဖြစ်သည်။

ဒါပေမဲ့ သူမ ကြားရသည်။

ခင်မောင်ရင့် စကားကိုကြားလိုက်သောအခါတွင် သူမ ပိုပြီးဝမ်းနည်းသွားကာ မျက်ဝန်းမှ မျက်ရည်တို့ ဝဲတက်သွား၏။

သူ့ဘေးနားမှာရှိသော ခင်မောင်ရင်လက်ကိုလည်း ကိုင်လိုက်မိ၏။

''သူ့ကို ငါခေါ်ပါသေးတယ် နွေချို၊ သူက ... ငါ့ကို ထိုးတယ်''

သူမ ငိုလေပြီ။

သူမ၏ သူငယ်ချင်းမိဝါကလည်း ဘာကြောင့်မှန်းမသိ။ ထိုမြင်ကွင်းကိုမြင်မိကာ ဝမ်းနည်းလာသည်။

မျက်ရည်လေးပုတ်ခတ်ပုတ်ခတ်လုပ်ကာ အခန်းနံရံကိုကြည့်နေ၏။

အခန်း၏တိတ်ဆိတ်မှုသည် နွေချိုရင်ကိုပို၍ ဗလောင်ဆူစေသည်။

''သူ့မှာ မိန်းမရှိတယ် နွေချို''

''တော် ... တော်ပါတော့ ခင်မောင်ရင်၊ ငါ ... ငါတောင်းပန်ပါတယ်''

နွေချိုက ခင်မောင်ရင်ကုတင်ဘေးမှာ မျက်နှာမှောက်ကာ ရှိုက်ကြီးတငင်ငိုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ငါ့ကိုခွင့်လွှတ်ပါ . . . ခင်မောင်ရင်။

ထိုစကားကို ရင်ထဲက အကြိမ်ကြိမ်ပြောနေမိသည်။

''မငိုပါနဲ့ နွေချို။ ငါ နေကောင်းရင် ဒီကိစ္စကို ရှင်းပေးပါ့မယ်''

''မဟုတ်ဘူး''

သူ့ရင်ထဲကရှင်းပြချက်ကို ပြောမထွက်ရဲအောင်ဖြစ်သွားသည်။

ခင်မောင်ရင်သည် သူမကို ယုံကြည်နေ၏။

အခုအချိန်မှ 'ငါနောက်နေတာပါ'ဟု ပြောမထွက်။

ငါ . . . ဘာလုပ်ရမလဲ ခင်မောင်ရင်။

''အစ်မ''

သူမ မော့ကြည့်လိုက်သည်။

အခန်းထဲကို သူတို့ဝင်လာတုန်းက ထွက်သွားသော ကောင်လေးကို တွေ့လိုက်ရသည်။

''ဟုတ်ကဲ့ ပြောပါ''

''ကျွန်တော် ကိုခင်မောင်ရင်ရဲ့ညီပါ''

''သြော်''

ခင်မောင်ရင်ကို တစ်ချက်ကြည့်လိုက်သည်။

ဆေးတို့၏အရှိန်ဖြင့် မှိန်းနေပုံရသည်။

''ဟို . . . ကျွန်တော် စကားခဏလောက်ပြောချင်လို့ပါ''

''ဟုတ် . . . ဟုတ်ကဲ့''

ခင်မောင်ရင့်ညီက အခန်းအပြင်သို့ ထွက်သွား၏။

သူမလည်း အနောက်မှ လိုက်ထွက်လိုက်သည်။

■

(၂၃)

''ဆရာဝန်ကြီးက ပြောတယ်။ ခေါင်းတော်တော်ထိသွားတယ်တဲ့''

အခန်းအပြင်ရောက်တော့ ခင်မောင်ရင့်ညီက စပြောသည်။

''စိုးရိမ်ရလားဟင်''

မေးသာမေးလိုက်ရသည်။ အဖြေကိုကြိုသိသလို ခံစားနေရသော

နွေချိုထင်သည့်အတိုင်းပင် သူက ခေါင်းညိတ်ပြသော

စိုးရိမ်ရတယ်ဟူသည့် သဘော . . .။

သူမ ရှိုက်ငိုလိုက်သည်။

ခင်မောင်ရင့်ညီက ဆက်ပြောသည်။

''အစ်ကို့ကိုရိုက်တဲ့ လူကိုတော့ ဖမ်းထားတယ်။ အသေရောက်တော့ မနက်ဖြန် နယ်ကရောက်လိမ့်မယ်''

www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်ရင့်ညီမှာ သူ့ မျက်ဝန်းမှ မျက်ရည်များမကျအောင် ထိန်းထားနေပုံရသည်။

သူမကတော့ ငိုရှိုက်နေဆဲဖြစ်သည်။

''ဆရာဝန်ကြီးကတော့ သူ့စိတ်ကြိုက်ဆောင်ရွက်ပေးပါလို့ ပြောပါတယ်''

''ဒါတွေဟာ အစ်မကြောင့်ဖြစ်သွားတာပါ။ အစ်မကြောင့်ပါ''

ရုတ်တရက် သူမနှုတ်ခမ်းမှ စကားတို့ တသီတသန်းထွက်သွားသည်။

''ကျွန်တော် အစ်ကို့ဒိုင်ယာရီဖတ်ပြီးလို့ ကိစ္စအားလုံး သိပြီးသွားပါပြီ အစ်မ''

''ဟင်''

''အစ်ကိုဟာ အစ်မကို သိပ်ချစ်ခဲ့ပါတယ်။ အရူးအမူးချစ်ခဲ့တယ်ဆိုပါတော့။ ဒီကိစ္စမှာ ဘယ်သူမှားတယ်၊ မှန်တယ်လို့တော့ မပြောတတ်ပါဘူး။ အစ်မကလည်း ဒီလိုဖြစ်လာလိမ့်မယ်လို့ မထင်ထားခဲ့မိပဲ''

နွေချို သူ့ကိုတစ်ချက်ကြည့်လိုက်သည်။

သူသည် နွေချိုကို မကြည့်ဘဲ နံရံကိုသာ စူးစိုက်ကြည့်နေ၏။

''ကျွန်တော်တစ်ခုတော့ တောင်းဆိုချင်တယ် အစ်မ''

''ပြော ... ပြောပါ၊ ကြိုက်တာပြောပါ''

နွေချို မျက်ဝန်းများ အရောင်လဲ့လာသည်။

''သူ့ဆန္ဒလေးတွေကို လိုက်လျောပေးစေချင်ပါတယ်''

ထိုသို့ပြောပြီးနောက် သူသည် အခန်းထဲသို့ ပြန်ဝင်သွား၏။

■

(၂၄)

နွေချိုသည် ခင်မောင်ရင်ကုတင်ဘေးတွင် ဝင်ထိုင်လိုက်သည်။ သူမ၏ပုံစံသည် ခုနကပုံစံနှင့်မတူဘဲ တစ်စုံတစ်ခုကို ဆုံးဖြတ်ချက်ချထားသည့်အလား မျက်နှာမှာ တည်ငြိမ်နေ၏။

ခင်မောင်ရင်သည် မျက်လုံးလေးဖွင့်ကာ တစ်ချက်လှုပ်လိုက်၏။

နွေချိုက ခင်မောင်ရင့်လက်ကို ဆုပ်ကိုင်လိုက်သည်။

''နွေချို''

ခင်မောင်ရင်က နွေချိုလို့ တိုးတိုးလေးခေါ်လိုက်သည်။

''ပြောပါ ခင်မောင်ရင်၊ ငါနားထောင်နေပါတယ်။ နင် ဘာဖြစ်ချင်လည်းပြော၊ ငါအကုန်လုပ်ပေးပါ့မယ်''

ခင်မောင်ရင်က တစ်ချက်လူးလွန့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ခပ်လှမ်းလှမ်းတွင် သူ့ကိုကြည့်နေသော သူ့ညီအား လှမ်းကြည့်လိုက်၏။

"အသံဖမ်းစက်"

ဟု တိုးတိုးလေး ရေရွတ်လိုက်သည်။

သူ့ညီကလည်း သူ့အစ်ကိုပြောစကားကို နားလည်၏။

သူ့အိတ်အတွင်းမှ အသံဖမ်းစက်တစ်လုံးကိုထုတ်ကာ သူ့အစ်ကိုလက်ထဲသို့ ထည့်ပေးလိုက်၏။

ခင်မောင်ရင်က ထိုအသံဖမ်းစက်လေးကို နွေချိုလက်ထဲသို့ အသာအယာထည့်ပေးရင်း

"နွေချို"

"ဟင်"

"နင် အသံဖမ်းခိုင်းထားတဲ့ဟာတွေ ငါဖမ်းလို့ မရခဲ့ပါဘူး နွေချို၊ ဒါပေမဲ့ မထင်မှတ်ပဲ ဖမ်းဖြစ်သွားတဲ့ စကားသံတွေတော့ပါတာပေါ့၊ နောက်ပိုင်းလိုလိုမယ်မယ်အသံဖမ်းရအောင်ဆိုပြီး ငါယူထားမိတာပါ"

"... ...."

နွေချို ဘာမှုပြန်မပြောမိ။ ကြောင်ပြီးနားထောင်နေမိသည်။

"တစ်နေ့တော့ ငါလည်း စိတ်ပါတာနဲ့ နင့်ကိုပြောချင်တဲ့ ငါ့စကားတွေ အသံသွင်းမိတယ် နွေချို။ ငါ့ကို ခွင့်လွှတ်ပါ။ အခု အသံဖမ်းဖြစ်တော့မယ် မထင်တော့လို့ ငါပြန်ပေးတာပါ"

စကားရှည်ကြီးပြောလိုက်ရ၍ ခင်မောင်ရင် မောသွားဟန်တူသည်။ နွေချိုမျက်ဝန်းမှ မငိုဘူးဟု ဆုံးဖြတ်ထားသော်လည်း မျက်ရည်တစ်စက်ကျလာ၏။



သူ ခင်မောင်ရင့် လက်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားမိသည်။

"ခင်မောင်ရင်"

ကြေကွဲမှုပါသော အသံမဖြစ်အောင် ထိန်းပြောလိုက်ရသည်။

နွေချို့ခေါ်သံကြောင့် ခင်မောင်ရင် ခေါင်းငဲ့ကြည့်သည်။

"အခုအချိန်မှာ နင့်အတွက် ငါ ... ငါ ဘာလုပ်ပေးရမလဲ ဟင်"

ခင်မောင်ရင်က သူ့ကို ရီဝေဝေကြည့်နေ၏။

ပြတင်းပေါက်မှဝင်လာသော လေတို့ကြောင့် ခန်းဆီးစများ လှုပ်ခတ်နေသည်။

အခန်းထဲရှိ လူများ၏ရင်ထဲမှာလည်း အသီးသီးလှုပ်ခတ်နေသည်။

"ငါအရင်တုန်းက အိပ်မက်တစ်ခုမက်ဖူးတယ် နွေချို"

ထိုသို့ပြောပြီး ခင်မောင်ရင်က နွေချို့ကို စိုက်ကြည့်နေပြန်၏။

"ပြောလေ ... ငါနားထောင်နေပါတယ်"

"အဲဒီ အိပ်မက်ထဲမှာ နင်နဲ့ငါနဲ့က ပန်းခြံထဲမှာ ပြေးလာကြတယ်။ ဟိုဘက်တစ်ဖက် ဒီဘက်တစ်ဖက်ပေါ့။ အဲဒီတုန်းက ... အာရုံမှာ ဒစ်စကို ဒန်းဆားဆိုတဲ့ သီချင်းကလည်း ဖွင့်ထားသေးတယ်"

"အင်း"

"အဲဒီမှာ ငါက နင့်ကိုဖက်ဖို့ပြေးလာ၊ နင်ကလည်း ပြေးလာပေါ့"

"အို"

သူမတော်တော်လေး စိတ်မကောင်းဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



''နှင်က 'ဟရေး . . . ဟရေး'လို့အော်တော့ . . . ငါကလည်း အားအားမခံ 'ပြာရေး . . . ပြာရေး'လို့ အော်လိုက်သေးတယ်။ ပြီးတော့ ပြေးဆက်ပေါ့''

ခင်မောင်ရင်က သူ့ပြောစကားကို ခဏနားသည်။

''ဒီအိပ်မက်ဟာ ငါ့ဘဝမှာ ဘယ်တော့မှ မဖြစ်နိုင်တော့တဲ့ အိပ်မက်ပါ နွေချို''

နွေချိုက ခင်မောင်ရင့်ကို ရီဝေတဲ့အကြည့်ဖြင့် ကြည့်နေဆဲ ဖြစ်သည်။

ရင်ထဲမှာ ဝမ်းနည်းမှုတို့က တားမရဆီးမရဖြစ်နေသည်။

''ငါ အဲဒီအိပ်မက်ကို တစ်သက်လုံး အကောင်အထည်မဖော် တော့ပါဘူး နွေချို''

''အို''

သူမ ခေါင်းငုံ့ထားလိုက်မိသည်။

■

'ခွင့်လွှတ်ပါ'လို့
ဒီတစ်ခွန်းတည်း
ပြောဖို့ရှိပါတယ်၊
ရက်စက်မိသူအတွက်
ကြေကွဲမှုဆိုတာ
အလိုလိုပေါ်လာတယ်လို့
ငါ ယုံသွားပါပြီ . . . ခင်မောင်ရင်။

www.burmeseclassic.com

www.burmeseclassic.com

(၂၉)

"ငါ နှင့်ကို ဘယ်တော့မှ မပေးဖြစ်ဘူးလို့ထင်တဲ့ အရာနှစ်ခု ငါ့မှာရှိတယ် နွေချို"

လူနာက ယဲ့ယဲ့လေးပြောတော့ ကောင်မလေးက စိတ်မကောင်း သလိုဖြစ်သွားပြီး

"ဘာဖြစ်လို့ မပေးဖြစ်တာလဲ၊ ငါ့ . . ငါ့ကိုအခုပေးလို့ရတာ ပဲ"

"နှင် ငါ့ကို စိတ်မဆိုးနဲ့နော်"

"စိတ်မဆိုးပါဘူး"

"ဒီကိစ္စလေးဟာလည်း ငါ့ဘဝမှာ ဘယ်တော့မှမဖြစ်တော့ဘူး လို့ ထင်ထားတဲ့ကိစ္စလေးပါ"



"ဘာမို့လို့လဲ ခင်မောင်ရင်"

"တစ်ခုက လက်ထပ်ခြင်းနဲ့ပတ်သက်တဲ့ တံဆိပ်ခေါင်းကပ် ထားပြီး နှင့်ကိုလက်ထပ်ခွင့်တောင်းထားတဲ့စာပါ"

"အို"

ကောင်မလေးသည် မယုံကြည်နိုင်ခြင်း၊ အံ့ဩခြင်း၊ ဝမ်းနည်း ခြင်းတို့ဖြင့် ပြည့်နှက်နေသော မျက်ဝန်းများဖြင့် လူနာကိုငေးစိုက် ကြည့်နေလေ၏။

လူနာက စာလေးတစ်စောင်ထုတ်ပေး၏။

စာအိတ်ပေါ်တွင် လက်ထပ်ခြင်းနှင့် ပတ်သက်သော တံဆိပ် ခေါင်းကပ်ထားသည်။

သူမ လှမ်းယူလိုက်သည်။

"ငါ လက်ခံပါတယ် ခင်မောင်ရင်"

သူမ၏နှုတ်မှ တိုးတိုးလေးထွက်သွားသည်။

ထို့နောက် စာပေါ်မှ တံဆိပ်ခေါင်းကိုကြည့်လိုက်သည်။




သူမ ရှိုက်ငိုမိဆဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



“ဒီလက်ထပ်လက်စွပ်ဟာ နင့်ကို ငါပေးချင်တဲ့ နောက်ဆုံး ပစ္စည်းလေးတစ်ခုပါ နွေချို . . . ငါဝတ်ပေးလို့ရမလား”

သူ ဘာမှမပြောမိ . . .

သူ့လက်ကလေးကိုသာ ခင်မောင်ရင်ရှေ့သို့ တိုးပေးလိုက်သည်။ သူမ ငိုနေဆဲဖြစ်ပါသည်။

ခင်မောင်ရင်က သူမ လက်သူကြွယ်တွင် လက်စွပ်လေး ဝတ်ပေး၏။

လက်စွပ်သည် သူမလက်နှင့် ကွက်တိဖြစ်သည်။

“ငါ နင့်ကိုသိပ်ချစ်တယ် နွေချို”

ခင်မောင်ရင့်အသံသည် တိုးတိုးလေးသာထွက်တော့သည်။

■

## (၂၆)

“နွေချို”

“ဟင်”

နွေချိုက ခင်မောင်ရင့်ကို ကြည့်လိုက်သည်။

ခင်မောင်ရင်က သူ့လက်ဖဝါးနှစ်ခုကို ထိကပ်ကာ လက်ထပ်လက်စွပ်ကိစ္စတုန်းက သူမကို ရှင်းပြခဲ့သလိုမျိုး လုပ်လိုက်လေ၏။

သူမလည်း နားလည်ပြီး သူ့အတိုင်းလိုက်လုပ်လိုက်သည်။

လက်ခလယ်ကို ကွေးညွှတ်ကာ ကျန်တဲ့လက်ချောင်းများ ထိပ်ချင်းထိထားလိုက်တဲ့ ပုံစံအတိုင်းပေါ့။

ခင်မောင်ရင်မှာ ပျော်သွားပုံရ၏။

ထို့နောက် သူ့လက်ထဲတွင် လက်စွပ်လေးတစ်ကွင်းပါလာပြန်၏။

www.burmeseclassic.com

www.burmeseclassic.com

## (၂၇)

"အင်း . . . ဒီမှာရှက်နေပြီ"

"ခဏနေပါဦး၊ မောင်လည်း ကြည့်နေပါတယ်"

"မောင်နော်၊ တစ်ခါပဲကြည့် ပြီးရင် သေချာဆုံးဖြတ်"

"ကိုင်မယ်နော်"

"ကိုင် . . . ကိုင်၊ တကတည်း ပြီးကို မပြီးနိုင်တော့ဘူး"

ကောင်လေးနှင့် ကောင်မလေးတစ်ယောက်တို့အသံများကို မပီဝိုးတဝါးကြားရ၏။

ထို့နောက် အတွဲတစ်တွဲ အသံပေါ်လာပြန်သည်။

"ငါ မင်းနဲ့ မကြိုက်ခင်တုန်းက အချစ်ရေးကိစ္စမေးဖို့ဆိုပြီး ထူးထူးဆန်းဆန်းဗေဒင်ဆရာတစ်ယောက်ဆီရောက်သွားသေးတယ်"



"အင်း . . . သူက ဘယ်လိုဟောလိုက်လဲ ပြောပါဦး"

"အဲဒီတုန်းက မင်းကိုချစ်ခွင့်ပန်ထားတဲ့အချိန်ပေါ့၊ ငါ့ရင်ထဲမှာ ဗလောင်ဆူနေတဲ့အချိန်လို့ ပြောရင်လည်း ရမယ်ထင်တယ်"

"ဟင်း . . . ပိုလာပြီ"

ကောင်မလေး၏ ကနွဲ့ကလျှဟန်လေးကို အသံကြားရုံနှင့်ပင် ခံစားလို့ရနေသည်။

"အဲဒီ ဗေဒင်ဆရာကြီးဆီရောက်တော့ ငါက မေးလိုက်တယ်"

"အင်း"

"ကျွန်တော့် ကောင်မလေးဆီက ချစ်တယ်ဆိုတဲ့အဖြေပြန်ရမှာလားလို့"

"သူက ဘာပြောလဲ"

အသံတွေ ဗလုံးဗထွေးဖြစ်သွားသည်။ ထိုနောက်ပြန်ကြားရ၏။

"သူက ငါ့ကိုပြောတယ်။ အချစ်ရေးနည်းနည်းညံ့နေတယ်တဲ့"

တိတ်ဆိတ်မှုတွေ မပီဝိုးတဝါးအသံများနှင့် ရှုပ်သွား၏။

ခဏကြာသောအခါမှ အသံထွက်လာသည်။ ပေါ်လာလိုက် ပျောက်သွားလိုက်ဖြစ်နေသည်။

"ကိုယ်လည်း သူပြောသလို ယတြာချေလိုက်မိတယ်၊ ဘာကြောင့်ဆို ကိုယ်က မင်းမုန်းမှာ အသေကြောက်တယ်လေ"

အသံက တဂျစ်ဂျစ်နှင့် ဖြစ်သွားပြန်သည်။

ပြီးနောက် ခင်မောင်ရင့်အသံထွက်လာသည်၊

"ဒီမှာခင်ဗျာ . . . ဒီမှာ"

"ဘာလဲ ခင်ဗျ"

www.burmeseclassic.com

www.burmeseclassic.com



''ဟို . . . ကျွန်တော်''

ရပ်သွားသည်။ တဂွီးဂွီးနဲ့ ထွက်လာ၏။

''ဟို အစ်ကိုပြောတဲ့ ဗေဒင်ဆရာနာမည်နဲ့ လိပ်စာများ ပြောပြနိုင်မလားလို့ပါ''

''ဘာဖြစ်လို့လဲဗျ''

''ကျွန်တော် . . . ကျွန်တော်လည်း အချစ်ရေးကံမကောင်းလို့ပါဗျာ။ အဲဒါမေးကြည့်ချင်လို့''

''အို''

ဟု သူမ နှုတ်ခမ်းမှယောင်ထွက်သွားသည်။

စိတ်မကောင်းဖြစ်မှုနှင့်အတူ အသံဖမ်းစက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားမိသည်။

တင်းကျပ်မှုများလွင့်ပါစေတော့ . . . ။

အသံဖမ်းစက်ကလည်နေသည်။ နောက်ထပ်စကားသံများ ထပ်မထွက်လာ။

သူမ ဂရုတစိုက်နားထောင်နေမိသည်။

ခဏအကြာတွင်

''နွေချို''

ဟု စခေါ်လိုက်သော ခင်မောင်ရင်အသံထွက်လာလေ၏။

သူမ တုန်လှုပ်သွားသည်။

■

နွေချို

ငါဟာ ကုသိုလ်ကံ မကောင်းခဲ့ပါဘူး။ အချိန်တိုင်း၊ နှင့်ရင်မှာ ငါမရှိဘူးဆိုတာ သိပေမယ့် အချိန်တိုင်း နှင့်ရင်မှာဖြစ်ပေါ်တဲ့ဆန္ဒတွေကို ဖြည့်ဆည်းပေးချင်တာဟာ ငါ့အတွက်ပျော်ရွှင်စရာပါ နွေချို၊

နှင့်အတွက် ငါကတော့ အကြောင်းမဟုတ်ပါဘူး။ ဒါပေမဲ့ အခြားသော ယောကျာ်းလေးတွေနဲ့ဆိုရင် သတိထားပါ နွေချို။

သူတို့မှာလည်း သူတို့ဆန္ဒတွေရှိတယ်။ နှင့်အလိုဆန္ဒတိုင်းကိုတော့ သူတို့လိုက်ဖြည့်ပေးနိုင်မှာတော့ မဟုတ်ဘူး။

သူတို့ကို နားလည်ပေးပါ နွေချို . . . ။

နှင့်စိတ်ကို ငါ နားလည်လို့ပါ။

နွေချို . . .

နှင့်ကို စချစ်မိတဲ့အချိန်ကစပြီး ငါ ဒိုင်ယာရီရေးခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်အပျက်မျိုးစုံ၊ အကြောင်းအရာမျိုးစုံပေါ့...။

တစ်ခါ တစ်ခါဆို

အချစ်တံဆိပ်ခေါင်းလေးတွေလည်း ကပ်တတ်သေးတယ်။

ငါ့အခု တံဆိပ်ခေါင်းစုတာ ဝါသနာပါနေပြီ မွေ့ချို။

တကယ်တော့ ...ငါချစ်တာဟာ ........ .... ...

... .... ... ... ... ... ... ... ... ... ... ...

... အသံတွေ သိပ်မပီချင်တော့။ အသံတွေ တိုးတိတ်သွားသည်။

အသံမထွက်တော့...။

သူမ အသံဖမ်းစက်ကို ရိုက်ကာ အသံမြည်လာအောင်ပြုနေမိ၏။ ခါတ်ခဲကုန်သွားခြင်းဖြစ်သည်။

ခင်မောင်ရင့်အသံသည် ရပ်တန့်သွား၏။

ထို့အတူ ...။

နောက်တစ်ရက်အကြာတွင်

ခင်မောင်ရင် ကွယ်လွန်ခဲ့လေသည်။

သူမ၏ ကျိုစယ်မှုကြောင့်

လူတစ်ယောက် ဘဝနှင့်

မိသားစုတစ်ခုရဲ့ ဘဝတို့

ပြောင်းလဲခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

## (၂၈)

ခပ်ယိုင်ယိုင် အိမ်လေးတစ်လုံးရှေ့တွင် ကောင်မလေးတစ်ယောက်သည် ရပ်လိုက်၏။

သူမ၏လက်ထဲတွင် ပစ္စည်းများနှင့် ပြည့်နှက်နေလေသည်။

အိမ်ထဲသို့ ဝင်လိုက်၏။

''ဒါ . . . ဦးတိုးမောင်တို့ အိမ်လားမသိဘူး''

''ဟုတ် . . . ဟုတ်ပါတယ်''

ဂိုထားပုံရသော အဒေါ်ကြီးတစ်ယောက်က ဖြေသည်။

အိမ်ထဲနှင့် ကလေးများကိုကြည့်လိုက်ပြီး သက်ပြင်းချကာ

''ကျွန်မ ခင်မောင်ရင့်ချစ်သူပါ''

ဟု ပြောကာ ကြမ်းပြင်ပေါ်တွင် ထိုင်ချလိုက်လေ၏။

■



အစ်ကိုကြီးရေ . . .

အရာရာအားလုံးဟာ ဘယ်သူကြောင့်မှဖြစ်ခဲ့တာ မဟုတ်ပါဘူး။ အစ်ကိုကြီး ချစ်ကံခေလို့ဖြစ်ခဲ့တာပါ။

ညီ . . . စိတ်မကောင်းပါဘူး။

အဆင်မပြေဖြစ်တဲ့ အတွဲတွေ . . .

ကိုယ်က ချစ်ပြီး သူက ပြန်မကြိုက်တဲ့ လူတွေကိုမြင်တိုင်း ကိုကြီးကို သတိရတယ်။

အစ်ကိုကြီးကို ပြောပြခဲ့ဖူးတဲ့ လိပ်ပုံပြင်ထဲကလိုပေါ့ အစ်ကိုကြီးရယ်။ လူတချို့က အခြားလူတွေကို ကိုယ်မျှော်လင့်ထားသလို လုပ်ပေးဖို့ စောင့်မျှော်ရင်းနဲ့ပဲ ကိုယ့်အချိန်တွေကို ပြုန်းတီးပစ်တတ်ကြတယ်ဆိုတာလေ . . .။

အခုလည်း အစ်ကိုကြီးက အချစ်ကို မျှော်လင့်ရင်းနဲ့ပဲ အချိန်တွေ ကုန်ဆုံးခဲ့ရပါတယ်။

အစ်မနွေးချို့လည်း အခု နောင်တရနေပါတယ် အစ်ကိုကြီး။

အစ်ကိုကြီးရေ . . .

ကျွန်တော်အခု ကျောင်းစတက်နေပြီ။

အစ်ကိုကြီး ဒိုင်ယာရီထဲက အချို့စာမျက်နှာတွေဟာ ကျွန်တော့်ရင်ကို နွမ်းလျစေပါတယ်။

အစ်ကိုကြီးလိုအဖြစ်မျိုး မဖြစ်ရအောင် အခြားလူတွေကို ကူညီချင်တယ်။ စိတ်ချပါ။ ကျွန်တော်ဟာ အစ်ကိုကြီးအတွက် အခြားလူတွေကို ကူညီနေပါပြီ။

အစ်ကိုကြီး ကောင်းရာသုဂတိလားပါစေ၊

အစ်ကိုကြီးရဲ့ ညီ

www.burmeseclassic.com

www.burmeseclassic.com

ဤသို့ဖြင့်
တက္ကသိုလ်လေးတစ်ခုတွင်
အချစ်ကိစ္စနဲ့ ပတ်သက်ပြီး
ဝန်ဆောင်မှုတွေပေးတဲ့
အဖွဲ့တစ်ဖွဲ့ပေါ်ပေါက်လာခဲ့ပါတယ်။

သူတို့တွေဟာ သိပ်လျှို့ဝှက်တဲ့
အဖွဲ့ဖြစ်ပြီး
ထိုအဖွဲ့မှာ ဘယ်သူတွေပါတယ်
သူတို့ ဘယ်လိုလုပ်ကြတယ်ဆိုတာကို
ဘယ်သူမှ မသိခဲ့ကြပါဘူး။
သူတို့ကလည်း
မသိအောင် လုပ်ဆောင်ခဲ့ကြပါတယ်။

သူတို့က ဘာတွေ ဝန်ဆောင်မှုပေးပါသလဲ ?

သင်သည် ကောင်မလေး (သို့) ကောင်လေးတစ်ယောက်ကို
ကြိုက်နေပြီး
ထိုကောင်မလေး (သို့) ကောင်လေးရဲ့ အချစ်ကိုရဖို့အတွက်
သူတို့အဖွဲ့ရဲ့ အကူအညီကိုလိုနေပါပြီလို့
ကျောင်းမှာသတင်းလွှင့်လိုက်

သူတို့က
သင်နဲ့ သင်ကြိုက်တဲ့ကောင်မလေးတို့
အဆင်ပြေသွားအောင်
တိတ်တဆိတ်လေး
ကူညီသွားပါလိမ့်မယ်

ရင်ခုန်စရာအပြည့်နဲ့ပေါ့ ...

www.burmeseclassic.com

www.burmeseclassic.com

သို့သော် ...

ခြွင်းချက်တော့ ရှိပါတယ်။

အကူအညီတောင်းသူသည် အောက်ပါအချက်များနှင့် ပြည့်စုံရပါမယ်။

၁။ သင်ကြိုက်တဲ့ ကောင်လေး (သို့) ကောင်မလေးတွင် သူသိပ်ချစ်တဲ့ချစ်သူ ( နှစ်ဦးနှစ်ဖက်အပြန်အလှန်ချစ်နေသော ချစ်သူ) မရှိစေရ။ (သို့) အိမ်ထောင်မရှိရ။

၂။ သင့်၌လည်း အိမ်ထောင်မရှိရ။

၃။ ကောင်လေး (သို့) ကောင်မလေး၏ အချစ်ကိုရပြီးပါက မြတ်မြတ်နိုးနိုးချစ်ရမည်။

၄။ အချစ်အား နောင်ပြောင်ခြင်းသက်သက်မလုပ်ရ။

အထက်ပါအချက်များနှင့် မကိုက်ညီက မည်သည့်ကိစ္စမှ လုပ်ဆောင်ပေးမည်မဟုတ်ပါဟု သူတို့ကလည်း စည်းကမ်းချက်လေးများလုပ်ထားသည်။

BURMESE CLASSIC .com

သူတို့အဖွဲ့တွင်
အနည်းဆုံး
သုံးယောက်တော့ပါတတ်သည်။

တစ်ယောက်သည် Third Year
နောက်တစ်ယောက်က Second Year
နောက်ဆုံးတစ်ယောက် First Year
တို့မှဖြစ်ပါသည်။

ထိုအထဲမှ တစ်ယောက်ယောက်က ကျောင်းပြီးသွားပါက လျှို့ဝှက်ပြီး သူ့ထူးဆန်းဆန်းလေးတွေကို စိတ်ဝင်စားတတ်သော ကျောင်းသား (သို့) ကျောင်းသူအသစ်ထဲမှတစ်ယောက်အားရှာပြီး သူတို့နှင့်ပါဝင်ရန် ကမ်းလှမ်းလေ့ရှိပါသည်။

သူတို့အဖွဲ့သည် စနစ်တကျရှိလှ၏။
သူတို့လုပ်ဆောင်ခဲ့သောကိစ္စများအား
ဖိုင်များ၊ စာရွက်စာတမ်းများဖြင့်
စနစ်တကျသိမ်းဆည်းထားလေ့ရှိသည်၊

www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် ...
သူတို့တွင်
သူတို့အကူအညီပေးခဲ့သော
အတွဲများအကြောင်း
အသေးစိတ်ရေးထားသော ဖိုင်များ
တစ်ခုစီရှိ၏။
ဤသို့ဖြင့် ထိုအဖွဲ့သည်
လူအပြောင်းအလဲ အဆင့်ဆင့်ဖြင့်
လွန်စွာစနစ်ကျလျှို့ဝှက်သော
အချစ်ဝန်ဆောင်မှုအဖွဲ့တစ်ဖွဲ့
ဖြစ်လာခဲ့ကြသည်။

လေးစားစွာဖြင့်
လူနေ

သူတို့အဖွဲ့မှ အကူအညီပေးခဲ့သော အတွဲတစ်တွဲအကြောင်းကို ဩဂုတ်လတွင် 'အချစ်၊ ကျွန်တော်တို့၊ ရင်ခုန်စွာအကျိုးဆောင်ပေးသည်' ဟူသောအမည်ဖြင့် ရေးသားထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။

နောင်အလျဉ်းသင့်လျှင် (သို့) ပရိသတ်များ စိတ်ဝင်စားမည်ဆိုပါက

၎င်းတို့လုပ်ဆောင်ခဲ့သော အတွဲများစွာအနက်မှ စိတ်ဝင်စားဖွယ်ကောင်းသော အကြောင်းအရာများအား ရေးသားထုတ်ဝေရန် အစီအစဉ်ရှိပါသည်။

စာရေးသူ

BURMESE CLASSIC .com

www.burmeseclassic.com